# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄) ရက် ၊ တနင်္လာနေ့ ၊ (11-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။**




ရတနာပုံ
၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# သတင်းတု သတင်းမှားများကို အလျင်အမြန်တုံ့ပြန်

လူမှုကွန်ရက်မီဒီယာများကတစ်ဆင့် ရည်ရွယ်ချက်ရှိရှိ နေ့စဉ်ဖြန့်ဝေနေသောသတင်းတု၊ သတင်းမှားများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပြည်သူတို့၏နေ့စဉ်လူမှုဘဝထဲသို့ပါ သဘောထားကွဲလွဲမှု၊ ထင်ယောင်ထင်မှားဖြစ်မှုစသည့် ပဋိပက္ခအသွယ်သွယ်ကို ဖြစ်စေပါသည်။ အဆိုပါသတင်းတု၊ သတင်းမှားများသည် တိုင်းပြည်နှင့်ပြည်သူတို့အတွက် အလွန်အန္တရာယ်ကြီးသည်ဖြစ်ရာ ထိထိမိမိကာကွယ်တားဆီးနိုင်လေလေ လူမှုအသိုက်အဝန်းတစ်ခုလုံး၏ငြိမ်းချမ်းသာယာမှုအတွက် အထောက်အကူပြုလေလေဖြစ်သည်။

သို့ရာတွင် မျက်မှောက်ကာလ အွန်လိုင်းမီဒီယာများ၏ တစ်ရှိန်ထိုးတိုးတက်မှုနှင့်ထပ်တူပါလာသော သတင်းတု၊ သတင်းမှားလုပ်ကြံသတင်းပျံ့နှံ့မှုများကိုတားဆီးရန် မလွယ်ကူသော်လည်း အလျင်အမြန်ပြန်လည်တုံ့ပြန်ခြင်းဖြင့် လျော့တန်သလောက်လျော့နည်းသွားပေမည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **သတင်းအတုများနှင့်ပတ်သက်၍ မဟုတ်မမှန်ဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မဖြစ်နိုင်ဖွယ်သတင်းမှား၊ သတင်းအတုများဖြစ်သော်လည်း ပြည်သူလူထုကိုအထင်အမြင်လွဲမှားစေရေး ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေလျက်ရှိသဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကာ ပြည်သူလူထုများ သတင်းအမှန်ကိုသိရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း** ပြောကြားခဲ့သည်။

သတင်းတု သတင်းမှားဖြန့်ဝေနေသူများသည် လိမ်ညာခြင်းအမှုကို ပျော်ပျော်ကြီးကျူးလွန်နေကြသည်ဖြစ်ရာ မလုပ်ရဲသော အကုသိုလ်မရှိသူများဖြစ်ကြသည်။ ထိုသူများ၏လုပ်ဆောင်ချက်များ စွပ်စွဲပုတ်ခတ်ကဲ့ရဲ့ချက်များကို သည်းခံနေစရာမလိုဘဲ ဖြစ်စဉ်အမှန်၊ သတင်းအမှန်ကို အလျင်အမြန်တုံ့ပြန်ဖြေရှင်းသင့်ပါသည်။ သတင်းမှား၊ သတင်းတုဖြစ်စဉ်ကြုံသော်လည်း အမှန်ကို သိသဖြင့် စကားနည်းရန်စဲသဘောထား၍ အရေးတယူမတုံ့ပြန်ဘဲ သည်းခံနေပါက တခြားသူများက သတင်းအမှားပါအတိုင်း ဟုတ်မှန်နေသည်ဟုသံသယဖြစ်သွားနိုင်ပါသည်။

အခါတစ်ပါး၌ သုပ္ပိယပရိဗိုဇ်က မြတ်စွာဘုရားရှင်ကို သဗ္ဗညုမဟုတ်သူ၊ ကြံဆပြီးဟောနေသူ စသည်ဖြင့် မဟုတ်မမှန်စွပ်စွဲစကားပြောသည်။ ဘုရားရှင်သည် ရဟန်းတို့မှတစ်ဆင့် သုပ္ပိယပရိဗိုဇ်၏ မဟုတ်မမှန်စကားများပြန်သိသောအခါ ရဟန်းတို့အား "ရဟန်းတို့ တစ်ပါးသောသူတို့သည် ငါဘုရားကိုမူလည်း ကျေးဇူးမဲ့ကဲ့ရဲ့စကားပြောဆိုကုန်ရာ၏။ တရားကို၊ သံဃာတော်ကိုမူလည်း ကျေးဇူးမဲ့ကဲ့ရဲ့စကားပြောဆိုကုန်ရာ၏။ သူတို့အပေါ် သင်တို့အမျက်မထွက်ကြကုန်လင့်။ မဟုတ်မမှန်သည့်စကားကို မဟုတ်မမှန်သည်အဖြစ်ဖြင့်သာလျှင် ဖြေရှင်းရမည်။ သင်ပြောသည့် ဤစကားသည် ဤအကြောင်းကြောင့်မမှန်၊ ငါတို့ဘုရားသည် ဤအကြောင်းကြောင့် အလုံးစုံသော သဗ္ဗညုအစစ်သာတည်းစသည်ဖြင့် တုံ့ပြန်ဖြေရှင်းကြရမည်" ဟု ဟောတော်မူခဲ့သည်။

လောက၌ ခန္တီပါရမီရှင်၊ ခန္တီဝါဒီဖြစ်တော်မူပါသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးပင်လျှင် မဟုတ်မမှန်စွပ်စွဲကဲ့ရဲ့စကားများကို သည်းခံရန်မဟောဘဲ အမျက်ဒေါသမပါဘဲ ဖြေရှင်းဖယ်ရှားရန် ဟောတော်မူခဲ့သည်ကို သတိချပ်သင့်ပါသည်။ ထို့ကြောင့် ပြည်ဖျက်မီဒီယာများ၊ အနောက်နိုင်ငံအားကိုးမီဒီယာများ၏ မဟုတ်မမှန်ကောလာဟလထုတ်လွှင့်မှုများနှင့်စပ်လျဉ်း၍ မိမိတို့နှင့်သက်ဆိုင်သည့်ကိစ္စရပ်တိုင်းကို ဖြစ်စဉ်မှန်၊ သတင်းမှန်များဖြင့် လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်းဦးရေ ၂၉၅၃၇၀ လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ဒီနေ့မှာဆိုရင် နယ်စုံဒေသက ဘုရားဖူးတွေ အများအပြားလာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေက စောင်းတန်းကနေတောကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက ရာသီဥတုအခြေအနေပေါ်ကြည့်ပြီး လာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ရာသီဥတုသာယာရင်တော့ တက်ရောက်ဖူးမြော်သူတွေ များပြားတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက မြေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်လေ့လာကြည့်ရှုကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပတွေကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်" ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၁၅၆ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၉၂၂၁၉ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၉၉၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးအတွင်း မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းသီးများသည် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဈေးနှုန်းများမှာ မြေပြန့်ခရမ်းသီး(၅၅၅) တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၊ တောင်ပေါ် ခရမ်းသီးတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ဈေးရရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းသီး၊ အမိကစိုက်ပျိုးတဲ့ မြေပြန့်ဒေသဘက်နဲ့ တောင်ပေါ် ဒေသဘက်က ခရမ်းသီးတွေ ဈေးကွက်ကို အများဆုံးဝင်ရောက်လာတာပါ။ ဝင်ရောက်လာကြတဲ့ ခရမ်းသီးတွေကတော့ အရောင်းအဝယ်တွေကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ခရမ်းသီးတွေ ထွက်ရှိမှု မရှိသေးပါဘူး။ အောင်ပန်းဒေသနဲ့ ကျောက်ဆည်ဒေသက ခရမ်းသီးတွေပဲ ထွက်တော့တယ်။ ကုန်စိမ်းသီးနှံတွေကတော့ မန္တလေးဈေးကွက်ကို ပုံမှန်ဝင်ရောက်နေပါတယ်။ဈေးမှာတော့ ရောင်းသူ၊ ဝယ်သူတွေနဲ့ စည်ကားနေပြီး အရောင်းအဝယ် ကောင်းနေကြပါတယ်။ ကျန်တဲ့ ကုန်စိမ်းသီးနှံတွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်"ဟုဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်း ဈေးတွင် ခရမ်းသီးအပြင် အခြား ကုန်စိမ်းသီးနှံများဖြစ်သည့် ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါး၊ အာလူးနှင့် ကြက်သွန်များလည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

(၁၈၅)

# မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၉ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၀**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၉ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေနည်းချိန်ကာလတွင် ဧရာဝတီလင်းပိုင်များနေရာပြောင်း၍အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ယခင်က ဧရာဝတီလင်းပိုင်များသည် မတ္တရာမြို့နယ် အင်ခေါင်းကျေးရွာအနီးတွင်အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဒီဇင်ဘာ ၉ ရက်မှစ၍ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင်များ ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေက တဖြည်းဖြည်းကျဆင်းလာတာကြောင့် မြစ်အတွင်း လင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်တဲ့ မန္တလေးကနေ ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေအနေနဲ့ အစာပေါ်များတဲ့ မတ္တရာမြို့နယ်အတွင်းက မြေစွန်းကျေးရွာအနီးမှာ ဧရာဝတီလင်းပိုင် ၁၉ ကောင်နေထိုင်ကျက်စားနေကြတာကို ဒေသခံရေလုပ်သားတွေ ဒီဇင်ဘာ ၉ ရက်က တွေ့မြင်ထားပါတယ်"ဟု ဧရာဝတီ လင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သည့် ခရီးသွားဧည့်သည်များအနေဖြင့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး၌ သွားရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလက ငါးရှဥ့်ပိဿာချိန် ၆၅၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ကျိုက်လတ် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလက ငါးရှဥ့်ပိဿာချိန် ၆၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့မှ ငါးရှဥ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ငါးရှဥ့်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလက ငါးရှဥ့်ပိဿာချိန် ၆၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ငါးရှဥ့်ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၉၇၀၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်မှာ ငါးရှဥ့်တွေထွက်ရှိပါတယ်။ ငါးရှဥ့်တွေက ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းတွေမှာ အများဆုံးရှာဖွေရရှိတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို အောက်တိုဘာလက ငါးရှဥ့်ပိဿာချိန် ၄၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလက ငါးရှဥ့်ပိဿာချိန် ၆၅၀၀၀ တင်ပို့ရောင်းချခဲ့ရတယ်။ အောက်တိုဘာလထက် နိုဝင်ဘာလထဲမှာ ငါးရှဥ့်ပိဿာချိန် ၂၀၀၀၀ ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငါးရှဥ့်တစ်ပိဿာကို ဈေးနှုန်းအနေနဲ့ ငွေကျပ် ၉၇၀၀ ဈေးပေါက်နေပါတယ်"ဟု ကျိုက်လတ်မြို့မှ ငါးရှဥ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသော ငါးရှဥ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ပြည်ပ ဈေးကွက်များဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချကြောင်း၊ ငါးရှဥ့်အရောင်းအဝယ်ကောင်းမွန်သဖြင့် ကုန်တင်ကုန်ချလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ငါးရှဥ့်ရှာဖွေဖမ်းဆီးသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးဆပ်ကော်မတီအဖွဲ့က ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဓမ္မဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး သီဟသုဓမ္မဇောတိကဓဇ ဦးကျော်ဝင်း၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ သုဓမ္မဇောတိကဓဇ ဦးမြင့်အောင်နှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၁၃၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၆၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ဧက ၁၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက် ၁၇၆၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၃၀ စိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေး နည်းစနစ်တွေမှန်ကန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ရှောက်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၁၀၈ ဧက၊ လဟယ်မြို့နယ်တွင် ဧက ၆၅၀၊ ထန်ပါခွေမြို့တွင် ဧက ၁၅၀၊ နန်းယွန်းမြို့နယ်တွင် ဧက ၁၀၀၊ ဒုံဟီးမြို့တွင် ဧက ၅၀ နှင့် ပန်ဆောင်မြို့တွင် ၇၂ ဧက စုစုပေါင်း ဧက ၁၁၃၀ ဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၁၂၄ ဧက၊ လဟယ်မြို့နယ်တွင် ၇၅၆ ဧက၊ ထန်ပါခွေမြို့တွင် ၁၄၂ ဧက၊ နန်းယွန်းမြို့နယ်တွင် ဧက ၄၃၀၊ ဒုံဟီးမြို့တွင် ၁၂၃ ဧကနှင့် ပန်ဆောင်မြို့တွင် ၁၉၁ ဧက စုစုပေါင်း ၁၇၆၆ ဧကဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ငဖဲမြို့နယ် စည်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ စည်သာကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စည်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ် ၃၂၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၆၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

# မင်းတုန်းမြို့နယ် ဒေါင့်တိုက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းတုန်း ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒေါင့်တိုက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဒေါင့်တိုက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီအချိန်မီ ပြီးစီးအောင်ဆောင်ရွက်ကြရန်၊ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မင်းတုန်းမြို့နယ် ဒေါင့်တိုက်ကျေးရွာ၌ အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း၊ တစ်နာရီဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ခြောက်သိန်း စုစုပေါင်း ငွေကျပ် ၁၅၆ သိန်းအသုံးပြု၍ မင်းတုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၂၀ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းမှာ ၇၅ ရာခိုင်နှုန်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**



# အရည်အသွေး

**နိဒါန်း**

ရတနာပုံသတင်းစာရဲ့ အပတ်စဉ် တနင်္လာနေ့တိုင်းမှာ အများအားဖြင့် စာမျက်နှာ ၄ မှာ စာရေးသူက မပျက်မကွက် ဆောင်းပါးတွေ အစဉ်အဆက် တင်ဆက်ခဲ့တာ ဆယ်နှစ်ကြာမျှရှိခဲ့ပါပြီ။ ထည့်ပေးခဲ့တဲ့ စာတည်းမှူးချုပ်၊ စာတည်းမှူး၊ အယ်ဒီတာတွေနဲ့ တာဝန်ရှိသူတွေအားလုံးကို အမှတ်တရ လေးလေးစားစား ကျေးဇူးတင်ကြောင်း ရေးလိုပါတယ်။ သတင်းစာတစ်စောင်မှာ ဆယ်နှစ်ကြာအောင် အပတ်စဉ် မပျက်မကွက်ရေးခဲ့တယ်ဆိုတော့ စုစုပေါင်း ဆောင်းပါးအရေအတွက် ၅၂၀ ကျော်ခဲ့ပေပြီ။

အယ်ဒီတာချုပ်ပြောင်းတာရှိမယ်၊ အယ်ဒီတာပြောင်းရွှေ့တာရှိကောင်းရှိမယ်။ ရတနာပုံသတင်းစာမှာ ချစ်နိုင်(စိတ်ပညာ)ကို ဆယ်နှစ်ကြာအောင် ပါဝင်ရေးသားခွင့်ပေးခဲ့တာက ဘာကြောင့်လဲ။ ဖတ်ရှုအားပေးကြတဲ့ ပရိသတ်ရှိနေလို့ပါ။ ပရိသတ်က မဖတ်ချင်ဘူး။ မကြိုက်လောက်တော့ဘူးလို့ဆိုရင် အယ်ဒီတာတွေက ဒီလောက်ကြာရှည်စွဲမြဲဘယ်ထည့်သုံးနေမှာလဲ။ တကယ့်အဆုံးအဖြတ်က **"သတင်းစာဖတ် ပရိသတ်"** ပါပဲ။ ဒါကြောင့် ဖတ်ရှုအားပေးနေကြသူ ပရိသတ်အားလုံးကို ကြီးကြီးငယ်ငယ် အရွယ်မရွေး ဆက်လက်အားပေးခဲ့ကြခြင်းအတွက် လေးစားစွာဂါရဝပြုလျက် ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။

နေ့စဉ် သတင်းစာယူတဲ့ အိမ်တစ်အိမ်မှ ကိုးနှစ်၊ ၁၀ နှစ်သားလေးတစ်ယောက်ဟာ တက္ကသိုလ်ကျောင်းသားကြီး ဖြစ်လာခဲ့ပါပြီ။ ဒီ ၁၀ နှစ်ကာလက ပြောင်းပေးလိုက်ပြီးပြီ။

တက္ကသိုလ်တက်စ ပထမနှစ်၊ ဒုတိယနှစ်တက္ကသိုလ်သိပ္ပံကျောင်းသားတစ်ယောက်ဟာ အခုအခါမှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ ဌာနဆိုင်ရာအရာရှိ၊ တပ်မတော်မှာ ဗိုလ်ကြီး စသဖြင့် တာဝန်အသီးသီး၊ နေရာအမျိုးမျိုးမှာ ရောက်ရှိနေခဲ့ကြလေပြီ။ အချိန်က အရွယ်ကို ပြောင်းစေခဲ့ပုံ။

မှန်တာမှားတာ၊ ကောင်းတာညံ့တာ၊ အကျိုးရှိတာ၊ အကျိုးမဲ့တာ။ အမျိုးမျိုးပါခဲ့နိုင်ပါတယ်။ ရေးသူလည်း လူပေကိုး။ စာဖတ်သူကို အကောင်းဆုံးအကျိုးပြုနိုင်အောင် စေတနာအကောင်းဆုံးထားပြီး ရေးသားတင်ပြမယ်ဆိုတဲ့ စေတနာကတော့ မှားတာ၊ ညံ့တာ၊ အကျိုးမဲ့စေတာမျိုး လုံးဝမပါခဲ့ကြောင်း အာမခံ၊ တာဝန်ယူပါတယ်။

**ကောင်းကျိုး**

ယနေ့ဆောင်းပါးဖတ်နေကြတဲ့ သတင်းစာဖတ်ပရိသတ်ကိုလည်း ဘယ်သူဘယ်ဝါမဆို သူ့ဘဝတစ်ခုလုံးကို ကောင်းကျိုးအထိရောက်ဆုံးပြောင်းလဲသွားစေမယ့် အဖိုးတန်အသိအမြင်တစ်ရပ် (မီးမောင်းထိုးပြလိုက်သလို သိမြင်သဘောပေါက်သွားအောင်) ရေးမယ်လို့ မိမိမောင်းတင်ထားခဲ့တယ်။ မရေးသေးခင် အနုလုံ ပဋိလုံ အပြန်ပြန်အလှန်လှန် သုံးသပ်ကြည့်လိုက်တဲ့အခါ ဒါဟာ လက်တွေ့မကျတဲ့ လောဘကြီးမှုပေပဲ။ နော်ဗျာ။

ဘာကြောင့်လဲဆိုတော့ စာဖတ်သူတွေဟာ နေရာဌာန၊ ဒေသ၊ ဇာတိ၊ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ အတွေ့အကြုံ၊ အသိအမြင်၊ ဉာဏ်ရည်ဉာဏ်သွေး၊ ခံယူချက်၊ ယုံကြည်ချက်၊ ရည်ရွယ်ချက်အမျိုးမျိုး အထွေထွေရှိနေကြ(Variety)ခြင်းသာမက အကွဲကွဲအပြားပြား (Diversity)လည်း ရှိနေကြလို့ပါပဲ။

One size does not fit all. **အရွယ်စားတစ်မျိုးတည်းက လူတိုင်းနဲ့အံမကျနိုင်။** ဆိုရိုးရှိပေရဲ့။ ဝတဲ့လူအတွက် ကျပ်နေမယ်။ ဝတ်လို့မရ။ ပိန်တဲ့လူအဖို့ ဖားဖားကြီးဖြစ်နေလို့။ ဟာသ။

လူတိုင်းနဲ့ကိုက်ညီအောင် ဆောင်းပါးတစ်ပုဒ်ကို ရေးမယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ကြောင်း စာရေးသူသဘောပေါက်မိပါတယ်။ အတွေးက ဆက်ပြီးပြန့်ထွက်သွားတယ်၊ ဆန့်ထွက်လာတဲ့အသိက တန်ဖိုးရှိတယ်။

Democracy is not always good. မှတ်သားဖူးရဲ့။ **ဒီမိုကရေစီစနစ်ဆိုတာလည်း အချိန်မရွေး၊ နိုင်ငံတိုင်းနဲ့ ကောင်းတာမျိုးတော့မဟုတ်။** ဒါကြောင့် ဒီမိုကရေစီဆိုတာ စံချိန်စံညွှန်းတစ်မျိုးတစ်ရပ်တည်း မဖြစ်နိုင်ဘဲ ကွဲပြား။ ဟိုနိုင်ငံ၊ ဒီနိုင်ငံ ဒီမိုကရေစီ အမျိုးမျိုး မတူညီကြဘဲ ဖြစ်ပေါ်နေကြတာ တွေ့တဲ့မြင်တဲ့အတိုင်းပေါ့။ အထူးသက်သေပြနေစရာမလိုအောင် ထင်ရှားလှပြီပေါ့။

လူတကာအတွက် အံကျချင်ကျ၊ မကျချင်လည်း ရှိစေတော့။ ဒီဆောင်းပါးဖတ်မိတဲ့ လူငယ်လူရွယ်တွေအတွက်တော့ အပ်ဖျားရေစက် အနက်ပင်လယ်ဆိုသလို အကျဉ်းသိမှတ်ရတာလေးကနေ ဘဝတစ်သက်တာ အကျဉ်းကနေအကျယ် လက်တွေ့အသုံးချလို့ရသွားပြီး အမှားအလွဲအနည်းဆုံးနဲ့ အောင်မြင်တိုးတက်မှုတွေ ရစေကောင်းပါရဲ့။ မသိသူ ကျော်သွား၊ သိသူဖော်စားလို့ပဲသဘောထားပြီး ကြိုးစားရေးပါမယ်။

**❖ သူ့အကျိုးအတွက် ထည့်မတွက်ပါ။ သူဟာ မိဘဆွေမျိုး၊ လူမျိုးကို ဘယ်လောက်ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်သလဲဆိုတဲ့အချက်နဲ့ သူ့ရဲ့တန်ဖိုးကို လေးစားရိုသေနေကြတာမဟုတ်လား။ ကမ္ဘာသူ၊ ကမ္ဘာသား လူသားအများထုရဲ့ ကောင်းကျိုးအတွက် သူ့ရဲ့စွမ်းဆောင်မှု၊ ပေးဆပ်မှု၊ လုပ်ဆောင်ချက် ထိရောက်ကောင်းမွန်မှုကြောင့် သူ့ကို အများက တန်ဖိုးထားလေးစားရိုသေနေကြရတာလေ။ ဒါဆိုရင် ကိုယ်လည်းတန်ဖိုးရှိတဲ့လူသား၊ တန်ဖိုးမြင့်တဲ့လူဖြစ်အောင်၊ အရည်အသွေးကောင်းအောင် ကြိုးစားလို့မရနိုင်ဘူးလား။ ❖**

**အရည်အသွေး**

**"အရည်အသွေး"**ဆိုတာ ဘာကိုပြောတာလဲ။

အတိုဆုံးအရှင်းဆုံးကတော့ အတိုင်းအတာ၊ အရွယ်ပမာဏသဘော မြင်သာအောင်ပြောရရင် အလျားနဲ့ အနံလိုပေါ့။ ရှုထောင့်နှစ်မျိုးရှိပါတယ်-

(၁) **စာရိတ္တ၊** ကိုယ်ကျင့်တရားကောင်းခြင်း

(၂) **အသိဉာဏ်၊** ပညာရည်ပြည့်ဝခြင်း

လူတစ်ယောက်ရဲ့နေရာ၊ အဆင့်အတန်း၊ တန်ဖိုးဆိုတာ ဒီနှစ်ရပ်အပေါ်မူတည်ပြီး ဒူးနေရာဒူး၊ ေတာ်နေရာတော်ဆိုသလိုပဲ ထိုက်တန်တဲ့ဘဝ၊ သင့်လျော်တဲ့ဘဝအခြေအနေကို ရကြတာပဲ။ ရောက်ကြတာပဲ။

ချမ်းသာချင်သလား။ ရတယ်။ အောင်မြင်ချင်သလား။ ရပါတယ်။ တိုးတက်ကြီးပွားချင်သလား။ ရစေရမယ်။

ဘာမှမခက်ဘူး။ ဒီအထက်ပါ နှစ်ချက် အရည်အသွေးကို မိမိကိုယ်တိုင်လေ့ကျင့်မြှင့်တင်ပြီး ဖြည့်ဆည်းရုံပါပဲ။ သမိုင်းစာမျက်နှာမှာဖြစ်ဖြစ်၊ မျက်မှောက်ရေးရာ နိုင်ငံတကာအခြေအနေတွေကို ခြုံငုံလေ့လာကြည့်လိုက်ရင်ဖြစ်ဖြစ် စာရိတ္တကောင်းတဲ့ လူကောင်း၊ အသိဉာဏ်ပညာရည်မြင့်မားတဲ့လူတော်၊ သူတို့ဟာ လူသားတွေများစွာရဲ့ဘဝ ဒါမှမဟုတ် သူ့နိုင်ငံ၊ သူ့လူမျိုးရဲ့ကောင်းကျိုး ဒါမှမဟုတ် သူ့မြို့၊သူ့ရွာ၊ သူ့ပတ်ဝန်းကျင်ကို ထိရောက်စွာကောင်းကျိုးပြုပြောင်းလဲပေးနိုင်ကြပေတယ်။

ဟုတ်ပြီ။ လူတစ်ယောက်ရဲ့တန်ဖိုးဆိုတာကို ဘာနဲ့တိုင်းတာကြတာလဲ။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ သူဘယ်လောက်ချမ်းသာတာလဲ။ သူဘယ်လောက်နာမည်ကျော်ထင်ရှားသလဲ။ သူဘယ်လောက်ရုပ်ချောသလဲ။ သူဘယ်လောက် အသက်ရှည်သလဲဆိုတာတွေနဲ့တိုင်းတာသလား။

**ပေးဆပ်မှု**

မဟုတ်ပါ။ သူ့အကျိုးအတွက် ထည့်မတွက်ပါ။ **သူဟာ မိဘဆွေမျိုး၊ လူမျိုးကို ဘယ်လောက်ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်သလဲဆိုတဲ့အချက်နဲ့ သူ့ရဲ့တန်ဖိုးကို လေးစားရိုသေနေကြတာမဟုတ်လား။**

ကမ္ဘာသူ၊ ကမ္ဘာသား လူသားအများထုရဲ့ ကောင်းကျိုးအတွက် သူ့ရဲ့စွမ်းဆောင်မှု၊ ပေးဆပ်မှု၊ လုပ်ဆောင်ချက် ထိရောက်ကောင်းမွန်မှုကြောင့် သူ့ကို အများက တန်ဖိုးထားလေးစားရိုသေနေကြရတာလေ။

ဒါဆိုရင် ကိုယ်လည်းတန်ဖိုးရှိတဲ့လူသား၊ တန်ဖိုးမြင့်တဲ့လူဖြစ်အောင်၊ အရည်အသွေးကောင်းအောင် ကြိုးစားလို့မရနိုင်ဘူးလား။

ရနိုင်တာပေါ့။ **သင်ကျော့၊ စွမ်းသူဖြစ်ရမယ်။**

လမ်းဖြောင့်လမ်းကောင်းတွေရှိပြီးသားပါ။ မင်္ဂလာတရားတော်(၃၈ဖြာမင်္ဂလာ)ဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်က ဟောကြားချက်၊ ဒီနေ့ထိ အပိုအလိုမရှိ။ တိတိကျကျ လူတစ်ယောက်ရဲ့ဘဝခရီးကို ကျက်သရေရှိရှိ မင်္ဂလာအဖြာဖြာပြည့်စုံလာစေနိုင်တဲ့ ဆောင်ရန်အချက်၊ ရှောင်ရန်အချက်၊ မြတ်စွာဘုရားရဲ့ အဆုံးအမလမ်းညွှန်တရားပါပဲ။

ရတနာသုံးပါးကို တကယ်ကြည်ညိုရှိသေမယ်ဆိုရင် စိတ်ရဲ့ချမ်းသာခြင်း၊ ကိုယ်ရဲ့ကျန်းမာခြင်း၊ ပျော်ရွှင်အေးချမ်းခြင်းတွေကို အချိန်မဆိုင်းလက်ငင်းရစေနိုင်ကြောင်း လက်တွေ့သိကြရမှာပါ။ စာရေးသူက စာဖတ်သူတို့ကို နှစ်ဦးနှစ်ဝ ရင်းနှီးထိတွေ့နေကြရတဲ့အကြောင်းအရာမျိုး ဆွေးနွေးတင်ပြတာပါ။ ကြိုက်ရင်သုံးပါ။ လိုက်နာပါက ကောင်းကျိုးမုချရမှာပါ။ အကျယ်ဆက်လက်လေ့လာပါ။

ဘီစီ ၄၀၀-၅၀၀ ကာလဆီက ခေါမပညာရှိတွေကနေ ခရစ်တော်ပေါ်ပြီး ရောမအင်ပါယာ ဧကရာဇ်မားကပ်စ်အောရေးလီးယပ်စ်အောဂတ်စတတ် အစရှိတဲ့ ကမ္ဘာကျော်အတွေးအခေါ်ပညာရှင်ကြီးတွေကနေ လက်ရှိထင်ရှားတဲ့ ကားလ်ဂတ်စတဖ်ယွန်း (၁၈၇၅-၁၉၆၁) ဆိုတဲ့ စိတ်ပညာရှင်ရေးခဲ့တာ ကောက်နုတ်ဖော်ပြချင်ပါတယ်။

**လုပ်ရမှာ**

လောကမှာ ကိုယ်မလုပ်နိုင်တဲ့အရာတွေရှိနေတယ်တဲ့။ အဲဒါ လက်ခံပါ။ သိအောင်လုပ်ပါ။ (အဲဒါမျိုးတွေနဲ့ အချိန်မကုန်စေနဲ့။ မဆိုင်တာတွေစဉ်းစားမနေနဲ့။ အကျိုးမဖြစ်မှာတွေ ပြောမနေနဲ့။ အကျိုးမဲ့စေမှာတွေ မလုပ်လေနဲ့။ လမင်းကိုခွေးဟောင်၊ ရွှေလရောင် ပြောင်မညှိုးတယ်၊ တိုးလို့သာပြောင်ဆိုတာမျိုးရှိတယ်။ ကိုယ်မပိုင်တဲ့စကားတွေ၊ အလုပ်တွေနဲ့ နစ်မနေစေနဲ့။) လက်တွေ့ ကိုယ်ဘာလုပ်ရမှာလဲ။ ဒါပဲအာရုံစိုက်ပါ။ **ကိုယ်ဘာလုပ်သင့်တာလဲ။ အဲဒါကိုလုပ်ပါ။**

"Mind Your Business" တဲ့။ ကိုယ့်အလုပ်ကိုယ်လုပ်။ ကိုယ်လုပ်နိုင်တာကို အကောင်းဆုံးစွမ်းဆောင်ပါ။ ဟုတ်ပြီနော်။ ဒါမှသာ အောင်မြင်တယ်။ ပျော်ရွှင်ပါတယ်။

ကားလ်ဂတ်စတဖ်ယွန်းက ဟောဒီခုနစ်ချက်ဟာ

## ချစ်နိုင်(စိတ်ပညာ)

မိမိဘဝကို ပျက်စီးအောင်ဖျက်ဆီးတတ်တာမို့ လုံးဝရှောင်ပါတဲ့။ ကိုယ့်မှာရှိနေရင် ကိုယ်ပဲဒုက္ခတွေ့နေမယ်။

၁။ Lazy **(အပျင်းထူခြင်း)**

၂။ Anger **(ဒေါသဖြစ်လွယ်ခြင်း)**

၃။ Materialism **(ရုပ်ဝါဒ၊ မာန်မာနရှိခြင်း)**

၄။ Envy **(မနာလိုဝန်တိုတတ်ခြင်း)**

၅။ Gossip **(အတင်းအဖျင်းပြောခြင်း)**

၆။ Selfishness **(တစ်ကိုယ်ကောင်းဆန်ခြင်း)**

၇။ Worry **(ပူပန်သောကဖြစ်ခြင်း)**

နောက်တစ်ခုညွှန်းချင်တာကတော့ အင်္ဂလိပ်လိုမူရင်းဖတ်ချင်ရင် နပိုလီယံဟီလ် (Napoleon Hill) (၁၈၈၃-၁၉၇၀)၊ ၁၉၃၇ ခုနှစ်က ရေးသားခဲ့တဲ့စာအုပ် **THINK AND GROW RICH** ကို ဂူးဂဲတို့၊ တွစ်တာတို့မှာ ဖတ်လို့ရမယ်။ ဆီလျော်အောင် မြန်မာမှုပြုထားတဲ့စာအုပ်လည်းရှိတယ်။ ဆရာကြီးရွှေဥဒေါင်း (၁၈၈၉-၁၉၇၃)ရေးခဲ့တဲ့ **"အကြံဉာဏ်ဖြင့် ကြီးပွားရေး"** (၁၉၄၅) ဖြစ်ပါတယ်။ နှစ်ပေါင်း ၈၀ နီးပြီဖြစ်ပေမယ့် မူရင်းစာအုပ်ကလည်း ယနေ့ထိ ရောင်းအကောင်းဆုံးဖြစ်နေဆဲ။ ဆရာကြီးရေးခဲ့တဲ့စာအုပ်ဟာလည်း မြန်မာလူမျိုးတွေအတွက် အမှန်တကယ် ဘဝတိုးတက်မှုကို အထောက်အကူပြုပါကြောင်း ဆရာသော်တာဆွေ ရေးခဲ့ဖူးပါတယ်။ လက်တွေ့ချမ်းသာကြွယ်ဝနေကြသူတွေလည်း ဒီစာအုပ်ဖတ်ပြီး လိုက်နာကျင့်သုံးလို့ ကြီးပွားကြောင်းပြောကြပါတယ်။ အကြောင်းအရာကော၊ အချက်အလက်ကော၊ အရေး အသားကော အင်မတန်ကောင်းမွန်ထူးခြားတဲ့ စာအုပ်တစ်အုပ်။

နိုင်ငံကျော်ပန်းချီဆရာ မောင်ညိုဝင်းဆိုတာရှိတယ်။ သူ့ဖခင်ကလည်း နိုင်ငံကျော်ပန်းချီဆရာကြီး ဦးဘရင်ကလေးတဲ့။ ၁၉၅၉ ခုနှစ် မေလထုတ် မြဝတီမဂ္ဂဇင်းမှာ ဆရာအောင်သင်းရဲ့စာကို သရုပ်ဖော်ပန်းချီဆွဲဖို့ရာ စာရေးဆရာကို လူကိုယ်တိုင်လာကြည့်ပြီးမှ ပုံတူရအောင် သရုပ်ဖော်ရေးဆွဲတဲ့ပုဂ္ဂိုလ်။ ပါးစပ်က မပြောခဲ့ဘဲ ရှေ့ကနေနမူနာပြသွားတဲ့စကားက ဘာတဲ့လဲ။

**"မင်းနာမည်ကို မင်းရိုသေပါ။**

**မင်းကိုယ်မင်းရိုင်းပါ"**လို့ ပန်းချီဆရာ ဦးဘရင်ကလေးက သတိပေးဆုံးမသွားသလို ခံစားမိပါတယ်လို့ ၂၀၀၂ ခုနှစ် ဩဂုတ်လ မဂ္ဂဇင်းတစ်အုပ်မှာ ရေးခဲ့တာ ဖတ်လိုက်ရပါတယ်။

မှန်တာကိုလုပ်ပါ။ ဟုတ်တာပဲပြောပါ။ ကောင်းကျိုးရှိမယ့်အကြောင်းကိစ္စမျိုးကိုသာတွေးပါ၊ စဉ်းစားပါ။ ဘာပဲလုပ်လုပ် အကောင်းဆုံးပေးပါ။ စေတနာပါပါအလုပ်လုပ်ပါ။ လမ်းမှားကို မသွားလေနဲ့။ ဝေးဝေးရှောင်။

**၁။ နည်းနည်းပေးပြီးများများရချင်ရင် မှားတယ်။**

**၂။ ဘာမှမပေးဘဲ တစ်ခုခုအလကားရချင်ရင် မှားမယ်။**

**၃။ ပေးဟန်ဆောင်ပြီး မတန်တာဆယူရင် မှားတယ်။**

**၄။ ပေးနေလည်း အလကားပါပဲဆိုရင် မှားတယ်။**

**၅။ ဘာပဲပေးပေး ဘာမှမထူးပါဘူးဆိုတာ မှားတယ်။**

**၆။ ပေးတိုင်းပြန်ရတာမဟုတ်ထင်ရင် မှားတယ်။**

**၇။ ပေးရောမလိုပါဘူး၊ ဖြစ်ချင်ရာဖြစ်နေတာပါလို့မြင်နေရင် လွဲတယ်။**

**၈။ ယနေ့ပေး မနက်ဖြန်ရချင်တယ်၊ မရပါ။ ယနေ့ပေးတယ်၊ နေ့တိုင်းပေးတယ်။ ခုနစ်နှစ်ကြာရင် ဆရာဝန်၊ အင်ဂျင်နီယာဖြစ်လာမယ်။ ဒါပဲ။ စေတနာကောင်းရင် ကံကောင်းမယ်။ စေတနာမြင့်ရင် ကံမြင့်တယ်။**

**နိဂုံး**

မိဘ၊ ဆွေမျိုး၊ ပြည်သူ၊ လူသားတို့ကို ကျေးဇူးရှင်တွေလို့ နားလည်သိတတ်ပြီး ကျေးဇူးဆပ်တတ်တဲ့ သားကောင်းသမီးမွန်တွေရဲ့ လက်ထဲမှာပဲ တို့အားလုံးရဲ့အနာဂတ်ဟာ တည်ရှိပါတယ်။ **ခွဲရိုက်ပါ။**

လူငယ်တွေ တော်ကြကောင်းကြပါမှ ငါတို့ရဲ့ အနာဂတ် သာယာလှပမှာပါကွယ်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# မကွေးမြို့နယ် ကျွန်းတောကျေးရွာကို ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဒေသအဖြစ် စီစဉ်ဆောင်ရွက်လျက်ရှိ

**မကွေး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျွန်းတောကျေးရွာကို ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဒေသအဖြစ် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ထက်က ပြောပြ၍ သိရသည်။

အဆိုပါ ကျွန်းတောကျေးရွာကို ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဒေသအဖြစ် အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ရာ လက်ရှိတွင် ကျေးရွာလူထုကို ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ပို့ချပေးလျက်ရှိပြီး စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများကိုလည်း ပို့ချပေးသွားရန်ရှိကြောင်း သိရသည်။

"မကွေးတိုင်းဒေသကြီးအတွင်းမှာ ကျွန်းတောကျေးရွာကတော့ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဒေသဖြစ်လာဖို့ ဆောင်ရွက်နေပါတယ်။ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းရဲ့ သဘောသဘာဝကလဲ ကျေးရွာလူထုကိုယ်တိုင် စိတ်ပါဝင်စားပြီး ဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်တဲ့အတွက် စိတ်ဝင်စားလာအောင် တွန်းအားပေးဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့သင်တန်းတွေလဲ ပို့ချပေးနေပါတယ်။ နောက်တစ်ဆင့်အနေနဲ့ မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတို့ကနေ ခွင့်ပြုချက်တွေရရှိဖို့လဲ ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒီမှာကတော့ ရှေးဟောင်းဘုရားပုထိုးစေတီအနေနဲ့ကတော့ မပြိုမပျက်သေးတာ ၂၆ ဆူကို လေ့လာဖူးမြော်နိုင်မှာဖြစ်ပါတယ်။ ပြိုပျက်သွားတဲ့ စေတီပုထိုးတွေလဲ တော်တော်များများရှိပါတယ်။ ဖောင်တော်ဦးဘုရားမှာတော့ ပုဂံခေတ်လက်ရာနံရံဆေးရေးပန်းချီတွေ လေ့လာနိုင်မယ်။ ပုဂံဘုရားပုထိုးစေတီတွေလို ကြောင်လိမ်လှေကားတွေ လေ့လာနိုင်မယ်။ ရွှေစည်းခုံမှာတော့ အတွင်းမှာ လိုဏ်တွေအများအပြားရှိတယ်" ဟု ညွှန်ကြားရေးမှူး ဦးဇော်လွင်ထက်က ပြောပြသည်။

ကျွန်းတောကျေးရွာသည် မကွေးမြို့နယ် တောင်ခွဲကျေးရွာအုပ်စုအတွင်းပါဝင်ကာ မကွေးမြို့မှ မိုင် ၃၀ ကျော်ကွာဝေးပြီး ဧရာဝတီမြစ်အတွင်း ကျွန်းအဖြစ်တည်ရှိသည့် ကျေးရွာတစ်ရွာလည်းဖြစ်ကာ အိမ်ခြေ ၁၀၀ ကျော်သာရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ပုဂံခေတ်လက်ရာ ရှေးဟောင်းစေတီပုထိုးများကို ဖူးမြော်လေ့လာနိုင်မည်ဖြစ်ကာ ပုဂံခေတ်လက်ရာ နံရံဆေးရေးပန်းချီများကိုလည်း လေ့လာနိုင်မည်ဖြစ်ကြောင်း၊ အလည်အပတ်လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ကျွန်းပတ်လည် သဲသောင်ပြင်များတွင် အနားယူ အပန်းဖြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ASH



# သူ့အပေါ် စေတနာ မေတ္တာကို အရင်းပြု

\- ရှင်သန်ချိန် တစ်ခဏ
လူ့ဘဝ အဖိုးတန်၊
ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမြင့်အောင်
မြှင့်ဖို့ရည်သန်၊
ပြောပြုတွေး စိတ်ထားမှန်
ထိပ်ထားကြံ ကောင်းမနော၊
ကိုယ်ချင်းစာ မြတ်တရားနဲ့
ရှောင်ရှားမာန်ဒေါ။

\- ယှဉ်ပြိုင်ရှောင် တုပအပြော
ယုယသဘော နှုတ်ခွန်းချို၊
သူနှင့်ကိုယ် ဘေးမခအောင်
ဖေးမထိုထို၊
သူ့ကျေးဇူး ကိုယ်ကဆို
ဖြိုဖြင်မှု အတ္တကင်း၊
ဗြဟ္မစိုရ် မြတ်နှလုံးကို
ကျင့်သုံးဆောင်ကြဉ်း။

\- လူ့ဂုဏ်ရည် လူ့သတင်း
ကောင်းခြင်းနှင့် မြတ်သစ္စာ၊
သူနှင့်ကိုယ် ကမ္ဘာလေး
နွေးထွေးကြင်နာ၊
သူ့အပေါ် စေတနာ
မေတ္တာကို အရင်းပြု၊
အပြုံးအတူနဲ့
နှလုံးမှု ဖွေးလွလို့
အေးမြစေမှု။ ။

**ထက်အောင်လူ(နံ့သာမြေ)**

# ဘားအံမြို့နယ် ကမ်းကလေး-ခဲတောက်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကမ်းကလေး-ခဲတောက်ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်သဇင်ညို(နည်းပညာ)နှင့် မြို့နယ်အင်ဂျင်နီယာဝန်ထမ်းများသည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကမ်းကလေး- ခဲတောက်ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၄ ဒသမ ၀၆၉ သန်းဖြင့် ကမ်းကလေး-ခဲတောက်ကျေးရွာ ကုန်ထုတ်လမ်း အရှည် တစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်သုံးပေကိုးလက်မ အောက်ခံလွှာကျောက်ရောမြေခင်းခြင်းနှင့် ဝင်လမ်းခင်းခြင်းလုပ်ငန်းကို ထနောင်းမြန်မာကုမ္ပဏီက ယခုနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်သဇင်ညိုထံမှ သိရသည်။

**ဆက်လူ**

# မော်လမြိုင်ကျွန်းမြို့နယ် ရေဖြူကန်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ရေကျော်ကျေးရွာအုပ်စု ရေဖြူကန်ကျေးရွာ၌ True Money နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်နိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာများမှ ကျေးလက်နေပြည်သူများ Mobile Financial Payment စနစ်သုံး ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို အသုံးပြုတတ်စေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile ဖုန်းကိုအသုံးပြု၍ True Money ဖြင့် ငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် True Money မှ တာဝန်ရှိသူများက ရေဖြူကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၇ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၉ ဒသမ ၅၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူကိုးဦးကို ငွေကျပ် ၃ ဒသမ ၀၅ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို ငွေကျပ် ၃၆ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

# နိုင်ငံတကာ သတင်းများ

## ကုလလုံခြုံရေးကောင်စီပြုပြင်ပြောင်းလဲရန် တူရကီသမ္မတအာဒိုဂန် တောင်းဆို

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၁၀**

ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပြုပြင်ပြောင်းလဲရန် တူရကီသမ္မတအာဒိုဂန်က ဒီဇင်ဘာ ၉ ရက်တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေး လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့်ပိတ်ပင်ခဲ့ပြီးနောက် လုံခြုံရေးကောင်စီကိုပြုပြင်ပြောင်းလဲရန် တူရကီသမ္မတကတောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၈ ရက်က ပြုလုပ်ခဲ့သည့် လုံခြုံရေးကောင်စီမဲခွဲပွဲတွင် ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် ၁၃ နိုင်ငံတို့က ထောက်ခံခဲ့ကြသော်လည်း အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့်ပယ်ချခဲ့သည်။

ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးအတွက် တောင်းဆိုထားသော လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်းက ဗီတိုအာဏာဖြင့် ပယ်ချခံရမှုမှာ တရားမျှတမှုမရှိသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရန်လိုအပ်နေပြီဖြစ်ကြောင်း အစ္စတန်ဘူလ်မြို့၌ကျင်းပသည့် လူ့အခွင့်အရေးဆိုင်ရာ ညီလာခံတစ်ခုတွင် တူရကီသမ္မတက ဝေဖန်သုံးသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပင်လယ်နီမှတစ်ဆင့် အစ္စရေးသို့သွားရောက်မည့် သင်္ဘောများကို တိုက်ခိုက်မည်ဟု ဟူသီအုပ်စုသတိပေး

**အေဒင် ဒီဇင်ဘာ ၁၀**

ပင်လယ်နီဒေသမှ တစ်ဆင့် အစ္စရေးနိုင်ငံသို့ သွားရောက်မည့် သင်္ဘောအားလုံးကို မည်သည့်နိုင်ငံက သင်္ဘောပင်ဖြစ်စေ ပစ်မှတ်ထား တိုက်ခိုက်မည်ဖြစ်ကြောင်း ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုက ဒီဇင်ဘာ ၉ ရက်တွင် သတိပေးခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသအနေဖြင့် လိုအပ်နေသည့်ဆေးဝါးနှင့်စားနပ်ရိက္ခာများမရခဲ့ပါက ပင်လယ်နီကိုဖြတ်၍ အစ္စရေးဆိပ်ကမ်းများသို့ သွားရောက်မည့် သင်္ဘောများအားလုံးကိုလည်း မိမိတို့အနေဖြင့် ပစ်မှတ်ထား တိုက်ခိုက်မည်ဖြစ်ကြောင်း ဟူသီသူပုန်အုပ်စုက ကြေညာထားသည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့အကြား စစ်ပွဲစတင်ဖြစ်ပွားခဲ့သည့် အောက်တိုဘာ ၇ ရက်နောက်ပိုင်း အစ္စရေးနှင့်ပတ်သက်နေသည့် သင်္ဘောများကို ပင်လယ်နီဒေသ၌တိုက်ခိုက်ခြင်း၊ ဖမ်းဆီးခြင်းများပြုလုပ်ခဲ့သည်။

ပါလက်စတိုင်းလူမျိုးများကို ထောက်ခံကြောင်းပြသသည့်အနေဖြင့် အစ္စရေးနှင့်ပတ်သက်နေသည့် သင်္ဘောများကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဟူသီသူပုန်အုပ်စုက ပြောကြားထားသည်။

ပင်လယ်နီရေပြင်အတွင်း ဟူသီသူပုန်အုပ်စုက သင်္ဘောများအားတိုက်ခိုက်နေမှုကို နိုင်ငံတကာရေကြောင်းလုံခြုံရေးအတွက် ခြိမ်းခြောက်မှုအဖြစ် အစ္စရေးနိုင်ငံက ဝေဖန်ထားသည်။

အဆိုပါဟူသီသူပုန်အုပ်စုသည် ယီမင်နိုင်ငံ၏ ပင်လယ်နီကမ်းရိုးတန်းကို ထိန်းချုပ်ထားနိုင်သော လက်နက်ကိုင်အုပ်စု ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## အီဂျစ်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲ စတင်ကျင်းပ



**ကိုင်ရို ဒီဇင်ဘာ ၁၀**

အီဂျစ်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲကို ယနေ့ စတင်ကျင်းပခဲ့ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အီဂျစ်ပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း သိရသည်။

အီဂျစ်နိုင်ငံအနေဖြင့် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့်တိုင် ယခုရွေးကောက်ပွဲတွင်လည်း လက်ရှိသမ္မတအယ်လ်စီစီက ထပ်မံအနိုင်ရဖွယ်ရှိသည်။

ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိခဲ့ပါက သမ္မတအယ်လ်စီစီအနေဖြင့် ခြောက်နှစ်သက်တမ်းရှိ အီဂျစ်သမ္မတရာထူးကို တတိယအကြိမ် ရယူနိုင်မည်ဖြစ်သည်။

အီဂျစ်သမ္မတရွေးကောက်ပွဲကို ယနေ့မှစ၍ သုံးရက်ခွဲကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် အပြီးသတ်မဲရလဒ်များကို ကြေညာမည်ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် သမ္မတအယ်လ်စီစီ အပါအဝင် သမ္မတလောင်းလေးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အခြားသမ္မတလောင်းသုံးဦးမှာ နိုင်ငံရေးအရသြဇာအာဏာကြီးမားသူ တစ်ဦးမျှမပါဝင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တောင်တရုတ်ပင်လယ်ဒေသ၌ဖြစ်ပွားခဲ့သည့် သင်္ဘောချင်းဝင်တိုက်မှု တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့ အပြန်အလှန်စွပ်စွဲ

**ပေကျင်း ဒီဇင်ဘာ ၁၀**




ပိုင်ဆိုင်ခွင့်အငြင်းပွား တောင်တရုတ်ပင်လယ်ဒေသ၌ ဖြစ်ပွားခဲ့သည့် သင်္ဘောချင်းဝင်တိုက်မှုပြဿနာနှင့်ပတ်သက်၍ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က ယနေ့တွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် စွပ်စွဲပြစ်တင်ခဲ့ကြကြောင်း သိရသည်။

စက္ကင်းသောမတ် ရေမြုပ်သဲသောင်ဆွယ်နယ်မြေရေပြင်အတွင်း တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောများက ဖိလစ်ပိုင်ရိက္ခာထောက်သင်္ဘောများနှင့် ကမ်းခြေစောင့်တပ်သင်္ဘောတစ်စီးတို့ကို ရေအမြောက်များဖြင့်တိုက်ခိုက်ခဲ့ပြီး သင်္ဘောချင်းဝင်တိုက်မှုများလည်း ပြုလုပ်ခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် စက္ကင်းသောမတ် ရေမြုပ်သဲသောင်ဆွယ် နယ်မြေ၌ ဒီဇင်ဘာ ၉ ရက်တွင် ပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်အတွင်း ဖိလစ်ပိုင်သင်္ဘောများကသာ တရုတ်သင်္ဘောများကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ကမ်းခြေစောင့်တပ်ကလည်း သတင်းထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် စက္ကင်းသောမတ်နယ်မြေပေါ်တွင် ရေတပ်သင်္ဘောဟောင်းတစ်စီးကို ရည်ရွယ်ချက်ရှိရှိ သောင်တိုး၍ တပ်ဖွဲ့ဝင်အနည်းငယ် စေလွှတ်တပ်စွဲထားပြီး ၎င်းနယ်မြေကို ထိန်းချုပ်ခွင့်ရယူထားသည်။

စက္ကင်းသောမတ်နယ်မြေသည် ဖိလစ်ပိုင်နိုင်ငံ၏ အထူးစီးပွားရေးဇုန်အတွင်းတည်ရှိသော်လည်း ၎င်းနယ်မြေကို တရုတ်နိုင်ငံကလည်း ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည်။

ထို့ပြင် တရုတ်နိုင်ငံသည် နှစ်စဉ်ရေကြောင်းကုန်သွယ်မှု တန်ဖိုးအမေရိကန်ဒေါ်လာ သုံးထရီလီယံ ထိရှိသော တောင်တရုတ်ပင်လယ်ဒေသတစ်ခုလုံးကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားထိန်းချုပ်မှုအောက်ရှိ နယ်မြေများ၌ ရွေးကောက်ပွဲကျင်းပမည့် အစီအစဉ်ကို ယူကရိန်းနိုင်ငံက ကန့်ကွက်

**ကီယက်ဗ် ဒီဇင်ဘာ ၁၀**

ရုရှားတပ်များ ထိန်းချုပ်ထားသော ယူကရိန်းအရှေ့ပိုင်းနယ်မြေများ၌ ရွေးကောက်ပွဲများ ကျင်းပမည့် ရုရှားနိုင်ငံ၏အစီအစဉ်ကို ယူကရိန်းနိုင်ငံက ဒီဇင်ဘာ ၉ ရက်တွင် ကန့်ကွက်ရှုချခဲ့ကြောင်း သိရသည်။

ရုရှားအထက်လွှတ်တော်သည် လာမည့်နှစ် မတ် ၁၇ ရက်တွင် ရုရှားသမ္မတရွေးကောက်ပွဲကျင်းပရန် ယခုရက်သတ္တပတ်အတွင်း အချိန်ကာလ သတ်မှတ်ကြေညာခဲ့သည်။

အဆိုပါသမ္မတရွေးကောက်ပွဲတွင် ရုရှားတပ်များထိန်းချုပ်ထားသည့် ယူကရိန်းအရှေ့ပိုင်းနယ်မြေများမှ ဒေသခံပြည်သူများလည်း ပထမဆုံးအကြိမ်အဖြစ် ပါဝင်မဲပေးနိုင်မည်ဖြစ်ကြောင်း ရုရှားအထက်လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

ရုရှားနိုင်ငံသည် လက်ရှိအချိန်တွင် ယူကရိန်းအရှေ့ပိုင်းနှင့်တောင်ပိုင်းတို့ရှိ ဒွန်းနက်ခ်ဒေသ၊ လူဟန့်ခ်ဒေသ၊ ဇာပိုရစ်ဇီယာဒေသနှင့် ခါဆန်ဒေသတို့ကို ရုရှားအချုပ်အခြာအောက်ထည့်သွင်းထားသည်။

သို့ရာတွင် အဆိုပါဒေသများ၌ ရုရှားနိုင်ငံက သမ္မတရွေးကောက်ပွဲများကျင်းပမည့် အစီအစဉ်ကို ယူကရိန်းနိုင်ငံက ပြင်းထန်စွာကန့်ကွက်ခဲ့ပြီး အဆိုပါဒေသများ၌ ကျင်းပမည့်ရွေးကောက်ပွဲများကို အသိအမှတ်မပြုရန်နှင့်ရွေးကောက်ပွဲစောင့်ကြည့်သူများ စေလွှတ်ခြင်း မပြုရန်လည်း နိုင်ငံတကာသို့တိုက်တွန်းထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျပန်အာကာသအေဂျင်စီ၏ MMX အင်္ဂါဂြိုဟ်မစ်ရှင် လွှတ်တင်ရေးအစီအစဉ် ဒုံးပျံပြဿနာတစ်ရပ်ကြောင့် ကြန့်ကြာသွားနိုင်



**တိုကျို ဒီဇင်ဘာ ၁၀**

ဂျပန် အာကာသအေဂျင်စီ၏ MMX အင်္ဂါဂြိုဟ်မစ်ရှင် လွှတ်တင်ရေးအစီအစဉ်မှာ ဒုံးပျံပြဿနာတစ်ရပ်ကြောင့် နှောင့်နှေးကြန့်ကြာသွားနိုင်ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် MMX အင်္ဂါဂြိုဟ် ဂြိုဟ်ရံလများ စူးစမ်းလေ့လာရေးမစ်ရှင်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် လွှတ်တင်ရန် မူလက စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အိတ်ချ်-၃ အမျိုးအစား ဒုံးပျံသစ်၏ ပြဿနာများကြောင့် ဂျပန်အာကာသအေဂျင်စီအနေဖြင့် MMX မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို ၂၀၂၆ ခုနှစ်ထိ ဆိုင်းငံ့ထားရနိုင်ကြောင်း ဂျပန်ပြည်တွင်းမီဒီယာများ၏အဆိုအရ သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် ယခုနှစ် မတ်လအတွင်း အိတ်ချ်-၃ ဒုံးပျံကို ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့ရာ အောင်မြင်မှု မရခဲ့ပေ။

ဂျပန် အာကာသအေဂျင်စီအနေဖြင့် အိတ်ချ်-၃ ဒုံးပျံကို လာမည့်နှစ် မတ်လတွင် ဒုတိယအကြိမ် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားပြီး ၎င်းမစ်ရှင်ရလဒ်များပေါ်မူတည်၍ MMX မစ်ရှင်လွှတ်တင်နိုင်မည့် အချိန်ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် MMX မစ်ရှင်ဖြင့် ဖိုးဘော့စ်အမည်ရှိ အင်္ဂါဂြိုဟ် ဂြိုဟ်ရံလပေါ်မှ နမူနာကျောက်သားများကိုရယူရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကမ္ဘာကျော်ဟေလီကြယ်တံခွန်ကြီး ကမ္ဘာမြေဘက်သို့ အပြန်ခရီးစတင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

ကမ္ဘာကျော်ဟေလီကြယ်တံခွန်ကြီးသည် ဒီဇင်ဘာ ၈ ရက်တွင် ကမ္ဘာမြေဘက်ဆီသို့ အပြန်ခရီး စတင်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

၁၉၈၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် နေနှင့် အနီးဆုံးမှတ်သို့ ရောက်ရှိခဲ့သော ဟေလီကြယ်တံခွန်သည် ယခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် နေနှင့် အဝေးဆုံးမှတ်သို့ ရောက်ရှိခဲ့ပြီး ကမ္ဘာမြေဘက်သို့ အပြန်ခရီးစတင်ခဲ့ကြောင်း အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဟေလီကြယ်တံခွန်၏အပြန်ခရီးမှာ ၃၈ နှစ်ကြာမြင့်မည်ဖြစ်ရာ ၂၀၆၁ ခုနှစ်မှ ကမ္ဘာ့လူသားများ ပြန်လည်တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟေလီကြယ်တံခွန်နှင့်နေတို့၏ အဝေးဆုံးမှတ်မှာ နက်ပ်ကျွန်းဂြိုဟ်၏နေပတ်လမ်းအလွန် မိုင်ပေါင်း ၄၇၂ သန်းကျော်အကွာတွင် တည်ရှိကြောင်း သိရသည်။



ကမ္ဘာ့လူသားများအနေဖြင့် ဟေလီကြယ်တံခွန်ကို ၁၉၈၆ ခုနှစ် ဆောင်းရာသီနှင့် နွေဦးရာသီအစ ကာလများတွင် နောက်ဆုံးအကြိမ် မြင်တွေ့ခွင့်ရခဲ့သည်။

ကမ္ဘာပေါ်၌ နှစ်စဉ်ပေါ်ပေါက်တတ်သည့် အက်တာအကွားရစ် ဥက္ကာမိုးရွာသွန်းမှုနှင့် အော်ရီယွန်းနစ် ဥက္ကာမိုးရွာသွန်းမှုတို့သည် ဟေလီကြယ်တံခွန်နှင့် ဆက်စပ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့ အာကာသစောင့်ကြည့်ရေးရေဒါစနစ်တစ်ခု တည်ဆောက်ရန်စီစဉ်ထား

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့သည် အာကာသစောင့်ကြည့်ရေး ရေဒါစနစ်တစ်ခု တည်ဆောက်ရန်စီစဉ်ထားကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။



DARC ဟူ၍ အမည်ပေးထားသည့်အဆိုပါရေဒါစနစ်သည် ကမ္ဘာမြေအထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်း(Geosynchronous Orbit)ကို စောင့်ကြည့်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် DARC ရေဒါစနစ်အတွက် လိုအပ်သည့် နည်းပညာများကို ၂၀၂၁ ခုနှစ်တွင် အောင်မြင်စွာ စမ်းသပ်ခဲ့ပြီးဖြစ်သည်။

DARC ရေဒါစနစ် တည်ဆောက်ရေးအစီအစဉ်အရ DARC ရေဒါစနစ်သုံးခုအနက် ပထမဆုံးတစ်ခုကို အနောက်ဩစတြေးလျပြည်နယ်၌ တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် လုပ်ငန်းစတင်နိုင်ဖွယ်ရှိကြောင်း၊ ကျန်ရေဒါစနစ်နှစ်ခုကို အမေရိကန်နိုင်ငံနှင့်ဗြိတိန်နိုင်ငံ၌ တည်ဆောက်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် လုပ်ငန်းစတင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## Dementia ရောဂါဖြစ်နိုင်ခြေ မြင့်မားသူများ၌ တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှုကို ချောကလက်စားသုံးခြင်းဖြင့် လျှော့ချပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၀**

ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်မားသူများ၌ တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှုကို ချောကလက် စားသုံးခြင်းဖြင့် လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မက်စ်ဂျင်နရယ်ဘရစ်ဂမ်ဆေးရုံမှ သုတေသနပညာရှင်များသည် ချောကလက်တွင်ပါဝင်သည့် ဓာတုဒြပ်ပေါင်း ၅၀၀ မီလီဂရမ်ရှိသည့် အာဟာရ ဖြည့်စွက်ဆေးများကို ပျမ်းမျှအသက် ၆၀ အရွယ်ရှိ သက်ကြီးပိုင်း ၆၀၀ ခန့်ကို နှစ်နှစ်ကြာနေ့စဉ်တိုက်ကျွေး၍ စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုကာလ ပြီးဆုံးချိန်တွင် ပါဝင်သူများ၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်များကို သုတေသနပညာရှင်များက ပြန်လည်စစ်ဆေးစမ်းသပ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ချောကလက်ဓာတုဒြပ်ပေါင်း ပုံမှန်စားသုံးခဲ့ရသူများသည် မစားသုံးသူများထက် မှတ်ဉာဏ်နှင့်တွေးတောဆင်ခြင်နိုင်မှုဆိုင်ရာ စမ်းသပ်ချက်များတွင် ရလဒ်ပိုကောင်းသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ကိုယ်အလေးချိန်လျှော့ချရေးဆေးများက အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၀**

Ozempic နှင့် Wegovy ကဲ့သို့သော ကိုယ်အလေးချိန် လျှော့ချရေးဆေးများသည် သုံးစွဲသူများ၏ အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

Ozempic၊ Wegovy၊ Mounjaro နှင့် Zepbound ဆေးများသည် GLP-1 RAS အမည်ရှိ ဆီးချိုရောဂါဆေးအုပ်စုတွင်ပါဝင်သည့် ဆေးများဖြစ်ကြသည်။

အမေရိကန်နိုင်ငံ လော့စ်ဝက်စ်သမ်းရီဆာ့ဗ် ဆေးကျောင်းမှသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါဆေးလေးမျိုးအနက် တစ်မျိုးမျိုးကိုသုံးစွဲသူများသည် ပုံမှန်ဆီးချိုဆေးသုံးစွဲသူများနှင့်နှိုင်းယှဉ်ပါက အူမကြီးကင်ဆာဖြစ်နိုင်ခြေ ပို၍နည်းပါးကြောင်း သိရသည်။

မိမိတို့၏ လေ့လာချက်မှ ထွက်ပေါ်လာသည့် ရလဒ်သည် ကိုယ်အလေးချိန် လျှော့ချရေးနှင့် ဆီးချိုရောဂါဆေးများအနေဖြင့် အူမကြီးကင်ဆာ ဖြစ်နိုင်ခြေပါ လျှော့ချနိုင်မှုကို ပြသနေသည့် ပထမဆုံး သက်သေဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆီးချိုလူနာ ၁ ဒသမ ၂ သန်းတို့၏ ဆေးမှတ်တမ်းများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ GLP-1 RAS ဆေးများ အသုံးပြုသည့်လူနာများသည် မသုံးသည့်လူနာများနှင့် နှိုင်းယှဉ်ပါက အူမကြီးကင်ဆာဖြစ်နိုင်ခြေ ၄၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**



နိုင်ငံတကာ
အားကစားသတင်းများ

# ဇန်နဝါရီအပြောင်းအရွှေ့တွင် ရီဂီလွန်နှင့်အငှားစာချုပ် ဖျက်သိမ်းမည်ဖြစ်ကြောင်း နည်းပြတန်ဟတ် ပြောကြား

**မန်ချက်စတာ ဒီဇင်ဘာ ၁၀**

မန်ယူအသင်းနည်းပြတန်ဟတ်သည် စပါးအသင်းခံစစ်ကစားသမား ရီဂီလွန်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း ဇန်နဝါရီအပြောင်းအရွှေ့တွင် အငှားစာချုပ်ဖျက်သိမ်း၍ စပါးအသင်းသို့ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

နည်းပြတန်ဟတ်သည် ဘောလုံးရာသီအစပိုင်းက ဘယ်တောင်ပံခံစစ်ပိုင်းတွင် မာလာစီယာနှင့် လုခ်ရှောတို့ ဒဏ်ရာရရှိခဲ့သောကြောင့် ခံစစ်ပိုင်းလိုအပ်ချက်ကို အမြန်ဆုံးဖြည့်တင်းနိုင်ရန် စပါးအသင်းမှ ခံစစ်ကစားသမား ရီဂီလွန်ကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့သော်လည်း ၎င်းအနေဖြင့် ဒဏ်ရာပြဿနာကြောင့် အသင်း၏ ပွဲစဉ်အများအပြားကို လွဲချော်ခဲ့သည့်အပြင် ပုံစံကောင်းရရှိရန်ခက်ခဲနေသောကြောင့် စာချုပ်ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယခုအခါ ခံစစ်ကစားသမား လုခ်ရှောအနေဖြင့် အသင်းနှင့်အတူ ပါဝင်ခြေစွမ်းပြသနေသည့်အပြင် မာလာစီယာမှာလည်း လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နိုင်ပြီ ဖြစ်သောကြောင့် နည်းပြတန်ဟတ်က အသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့် ရီဂီလွန်ကို အငှားစာချုပ်ဖျက်သိမ်း၍ စပါးအသင်းသို့ ပြန်လည်စေလွှတ်ရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

အသက် ၂၆ နှစ်ရှိ ခံစစ်ကစားသမား ရီဂီလွန်သည် မန်ယူအသင်းသို့ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၀ ပွဲပါဝင်ကစားခဲ့ရာတွင် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်ကိုသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ပြီး အဆိုပါပွဲစဉ်တွင် အသင်းအနေဖြင့် သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ထို့ပြင် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ခံစစ်ကစားသမား ဗာရာနီ၊ ကွင်းလယ်ကစားသမား ဘန်ဒီဘိခ်နှင့် ကွင်းလယ်ကစားသမားဆန်ချိုတို့သည်လည်းအသင်းမှထွက်ခွာနိုင်သည်ဟု နည်းပြတန်ဟတ်က ဆက်လက် ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက ချဲလ်ဆီးအသင်းမှ အငှားခေါ်ယူထားသည့် ဂိုးသမားကီပါကို အပြီးသတ်ခေါ်ယူမည်မဟုတ်ကြောင်း တရားဝင်ထုတ်ပြန်ပြီးနောက် လာမည့်အပြောင်းအရွှေ့တွင် ဂိုးသမားသစ်ခေါ်ယူရန်အတွက် ကစားသမားသုံးဦးထိရွေးချယ်ထားသည်ဟု ပြောကြားခဲ့သည်။
- ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဆာလာဟတ်သည် အသင်းနှင့်အတူ သွင်းဂိုး ၂၀၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့သည်။
- နယူးကာဆယ်အသင်းက ဂိုးသမားနစ်ပုပ်၏နေရာတွင် အစားထိုးနိုင်ရန် ဂိုးသမားဒီဂီယာ၊ ဂိုးသမားလိုရစ်တို့အပြင် ပဲလေ့စ်ဂိုးသမားစိန့်ဂျွန်စတုန်းကိုပစ်မှတ်ထားနေကြောင်း သိရသည်။

ML

**ပရီးမီးယားလိဂ် ပွဲစဉ် (၁၆) ရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၂ | - | ၀ | ချဲလ်ဆီး |
| ဖူလ်ဟမ် | ၅ | - | ၀ | ဝက်စ်ဟမ်း |
| လူတန် | ၁ | - | ၂ | မန်စီးတီး |

(ဝ၄၀)

# WBC လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဒါဗင်ဟန်နေး ဆွတ်ခူး



**ကင်ဘာရာ ဒီဇင်ဘာ ၁၀**

WBC လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ဒါဗင်ဟန်နေးနှင့် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား ရီဂျက်စ်တို့ ဒီဇင်ဘာ ၉ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒါဗင်ဟန်နေးက ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဒါဗင်ဟန်နေးသည် WBA (Super)၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်းတို့၏ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးရရှိထားသည့် ချန်ပီယံတစ်ဦးဖြစ်သကဲ့သို့ ယခု WBC လိုက်ဝယ်သာဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ထပ်မံဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ရှုံးပွဲမရှိ စံချိန်ကိုပါ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ဒါဗင်ဟန်နေးအနေဖြင့် ရီဂျက်စ်ကိုအနိုင်ရခဲ့သော ပွဲစဉ်တွင် အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် သုံးဦးစလုံးက(၁၂၀-၁၀၇)မှတ်ဖြင့် ဒါဗင်ဟန်နေးကို အနိုင်ပေးခဲ့သောကြောင့် ရီဂျက်စ်အနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ပထမဦးဆုံးသောရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဒါဗင်ဟန်နေးက "မတူညီတဲ့ ဝိတ်တန်းနှစ်ခုမှာ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရဖို့ဆိုတာ ကျွန်တော့်ရဲ့ အိပ်မက်ဖြစ်ပါတယ်။ ရီဂျက်စ်ဟာ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့်လဲ ကျွန်တော့်အနေနဲ့ သတိထားယှဉ်ပြိုင်ထိုးသတ်ခဲ့တယ်။ ပထမအချီကတည်းက နောက်ဆုံးအချီထိ ကျွန်တော့်ဘက်က ဖိအားပေးထိုးသတ်နိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာပြဿနာကြောင့် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း နီရှီခိုရီ ပြောကြား

**ကင်ဘာရာ ဒီဇင်ဘာ ၁၀**

ဂျပန်နံပါတ်(၁)တင်းနစ်ကစားသမားနီရှီခိုရီသည် ၂၀၂၄ ခုနှစ် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအမီ ပြန်ကစားနိုင်ရေးအတွက် ဆေးကုသမှု ခံယူနေသော်လည်း ဒဏ်ရာအခြေအနေမှာ ပြိုင်ပွဲဝင်နိုင်လောက်သည့်ထိ တိုးတက်လာခြင်း မရှိသေးသည့်အတွက် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း နီရှီခိုရီက ယနေ့ ပြောကြားခဲ့သည်။

နီရှီခိုရီသည် ကမ္ဘာ့အဆင့်(၄) နေရာထိ တက်ရောက်ခဲ့ဖူးသော ပထမဦးဆုံး အာရှတိုက်သားတစ်ဦးဖြစ်ပြီး အောင်မြင်မှုတစ်ချို့ ရယူထားနိုင်သော်လည်း ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ဒဏ်ရာပြဿနာဖြင့် လုံးပန်းနေခဲ့ရပြီး ပြိုင်ပွဲအရပ်ရပ်တွင် ပွဲစဉ်ပေါင်း ၆၂ ပွဲသာကစားနိုင်ခဲ့ပြီး ပါဝင်ကစားခဲ့သည့် ပွဲစဉ်များတွင်လည်း ရလဒ်ကောင်းရယူနိုင်ရန် ရုန်းကန်ခဲ့ရသည်။

နီရှီခိုရီက "ကျွန်တော့်ရဲ့ကြံ့ခိုင်မှုအခြေအနေက သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အဆင်သင့်မဖြစ်သေးပါဘူး။ သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဟာ တင်းနစ်လောကက ကစားသမားတိုင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရချင်တဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ကျွန်တော်လဲ အရမ်းကိုပါဝင်ယှဉ်ပြိုင်ခွင့်ရချင်တယ်။ ကိုယ်ခန္ဓာကခွင့်မပြုတဲ့အတွက်ကြောင့် အခုလိုပြိုင်ပွဲကနေ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ၂၀၂၃ မေဂျာလိဂ် ချန်ပီယံဖလားကို ကိုလံဘတ်အသင်း ဆွတ်ခူးရရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**




၂၀၂၃ မေဂျာလိဂ် ချန်ပီယံဆုဖလားဗိုလ်လုပွဲတွင် ကိုလံဘတ်အသင်းက အယ်အေဂလက်စီအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီး သမိုင်းတစ်လျှောက် သုံးကြိမ်မြောက် ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မေဂျာလိဂ် အရှေ့ပိုင်းဇုန်မှ အမှတ်ပေးဇယားအဆင့်(၁)မှ(၈)ထိ အသင်းရှစ်သင်းနှင့် အနောက်ပိုင်းဇုန်မှ အဆင့်(၁)မှ(၈)ထိ အသင်းတို့သည် ၁၆ သင်းရှုံးထွက်အဆင့်မှစတင်ယှဉ်ပြိုင်ရပြီး အရှေ့ပိုင်းဇုန်မှ ကိုလံဘတ်အသင်းက ရှုံးထွက်အဆင့်တွင် အတ္တလန်တာယူနိုက်တက်အသင်းကို ရှစ်ဂိုး ခြောက်ဂိုးဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် အော်လန်ဒိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် စိစိနာတီအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

အနောက်ပိုင်းဇုန်တွင် အယ်အေဂလက်စီအသင်းက ရှုံးထွက်အဆင့်တွင် ဗန်ကူဗာအသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် ဆီဒယ်ဆောင်းဒါးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် ဟော့စတွန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲတွင် ကိုလံဘတ်အသင်းနှင့်တွေ့ဆုံခဲ့သည်။

ဗိုလ်လုပွဲတွင် ကိုလံဘတ်အသင်းက ပွဲစကတည်းကဘောလုံးပိုင်ဆိုင်မှုအသာ ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ပြိုင်ပွဲကို ထိန်းချုပ်နိုင်ခဲ့သဖြင့် ပွဲချိန် ၃၃ မိနစ်တွင် ပင်နယ်တီသွင်းဂိုးဖြင့်ဦးဆောင်နိုင်ခဲ့ကာ ပွဲချိန် ၃၇ မိနစ်တွင် ဒုတိယမြောက်သွင်းဂိုးသွင်းယူနိုင်ခဲ့သော်လည်း အယ်အေဂလက်စီအသင်းက ပွဲချိန် ၇၄ မိနစ်တွင် ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ကိုလံဘတ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး မေဂျာလိဂ်သမိုင်းတွင် ၂၀၀၈၊ ၂၀၂၀ နှင့် ယခုနှစ်တို့တွင် သုံးကြိမ်မြောက်ဆုဖလား ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် မဟာယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ




**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲကျန်ပွဲစဉ်(၁၆)အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း မဟာယူနိုက်တက် အသင်းကလည်း အကောင်းဆုံး ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အောင်လှိုင်ဝင်းက မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူ ပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်း၌ မဟာယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းကပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခွင့်ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများရှိနေသကဲ့သို့ မဟာယူနိုက်တက်အသင်း ကစားသမားများလည်းက အမှားအယွင်းမရှိ တုံ့ပြန် ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မဟာယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် အဝါကတ်ပြခံရသည့် ဘရူနိုဖာနန်ဒက် လီဗာပူးနှင့်ပွဲစဉ်ကိုလွဲချော်မည်

**မန်ချက်စတာ ဒီဇင်ဘာ ၁၀**

မန်ယူအသင်း ခေါင်းဆောင် ဘရူနိုဖာနန်ဒက်သည် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင်ပြသခံခဲ့ရသည့် အဝါကတ်ပြစ်ဒဏ်ကြောင့် လီဗာပူးအသင်းနှင့် ကစားမည့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။


ဘရူနိုဖာနန်ဒက်သည် ဘုန်းမောက်အသင်းက မန်ယူအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၈၄ မိနစ်တွင် အဝါကတ်ပြသခံခဲ့ရသည့်အတွက် ယခုနှစ်ဘောလုံးရာသီတွင် စုစုပေါင်း အဝါကတ် ငါးကြိမ်ထိရှိခဲ့သည့်အတွက် လီဗာပူးအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းများအရ ကစားသမားတစ်ဦးအနေဖြင့် အဝါကတ် ငါးကတ်ပြည့်မြောက်ပါက တစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်သည့်အတွက် ယခုအခါ ဘရူနိုဖာနန်ဒက်သည် အဝါကတ်အကြိမ်ရေ ပြည့်မြောက်ခဲ့သောကြောင့် တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်သည်။

ဖာနန်ဒက်သည် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်မတိုင်မီက မန်စီးတီးအသင်းနှင့်ပွဲစဉ်၊ ဘရိုက်တန်အသင်းနှင့်ပွဲစဉ်၊ နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်၊ စပါးအသင်းနှင့်ပွဲစဉ်တို့တွင် အဝါကတ်များပြသခံခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရသည့် မန်ယူအသင်းအတွက် ဒီဇင်ဘာ ၁၇ ရက်တွင် လီဗာပူးအသင်းနှင့် ကစားမည့်ပွဲစဉ်၌ ဘရူနိုဖာနန်ဒက် လွဲချော်မည် ဖြစ်သည့်အတွက် ကွင်းလယ်ပိုင်းတွင် ရုန်းကန်ရဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : STA




# FIFA-MFF Y-15 League ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အကူအညီဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် FIFA-MFF Y-15 League ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲ ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗိုလ်လုပွဲကစားမည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းနည်းပြ ဦးခင်ထွန်းဦး၊ ခံစစ်ကစားသမား ဘုန်းမြတ်သူ၊ ရခိုင်ယူနိုက်တက်အသင်းနည်းပြ ဦးဘိုဘိုမြင့်၊ ကွင်းလယ်ကစားသမား ရဲထက်အောင်တို့ တက်ရောက်ခဲ့ကြသည်။

FIFA-MFF Y-15 League ပြိုင်ပွဲကို မြန်မာပြည်အထက်ပိုင်းဇုန်နှင့် မြန်မာပြည်အောက်ပိုင်းဇုန် ခွဲခြားကျင်းပခဲ့ပြီး ဗိုလ်လုပွဲစဉ်သို့ ဇုန်နှစ်ခုတွင် ချန်ပီယံဆုရရှိခဲ့ကြသည့်အသင်းများ တက်ရောက်ခဲ့ကြပြီး ဒုတိယဆုရရှိခဲ့သည့်အသင်းများက တတိယလုပွဲကစားကြမည်ဖြစ်သည်။

ရခိုင်ယူနိုက်တက် အသင်းနည်းပြ ဦးဘိုဘိုမြင့်ကလည်း "ဗိုလ်လုပွဲမှာကစားရမဲ့ အသင်းနှစ်သင်းက သက်ဆိုင်ရာဇုန်တွေမှာ အဆင့်(၁)နေရာရရှိထားတဲ့အသင်းတွေဖြစ်လို့ အသင်းကောင်းတွေပါ။ ပြိုင်ဘက်အသင်းရဲ့အားနည်းချက် အားသာချက်တွေကို လေ့လာပြင်ဆင်ထားပြီး အနိုင်ရရှိအောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

FIFA-MFF Y-15 League ပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ချင်းတွင်းစတားအသင်းနှင့် ရာမညအက်ဖ်စီအသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# Grant Thornton Invitational ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျက်ဆင်ဒေးနှင့် လိုင်ဒီယာကိုတို့အတွဲဦးဆောင်

**ကင်ဘာရာ ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် နေပယ်လ်မြို့တွင် ကျင်းပနေသည့် Grant Thornton Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ဂျက်ဆင်ဒေးနှင့် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုတို့အတွဲက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း သိရသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားဂလိုဗာနှင့် အိုင်ယာလန်ဂေါက်သီးရိုက်မယ် မက်ဂွဲယားတို့အတွဲနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုနီဖီနောနှင့် အမေရိကန် ဂေါက်သီးရိုက်မယ်နယ်လီကော့ဒါတို့အတွဲကစုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီ လျော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား မက္ကာသီနှင့် အမေရိကန် ဂေါက်သီးရိုက်မယ် မီဂန်ခန်းတို့အတွဲက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ဂျက်ဆင်ဒေးနှင့် လိုင်ဒီယာကိုတို့အတွဲသည် ဒုတိယနေ့တွင် Bogey တစ်ကျင်းသာရခဲ့ပြီး Birdies 7 ကျင်းထိရရှိခဲ့သဖြင့် အမှတ်ပေးဇယားကိုဦးဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အိမ်ကွင်း ၁၅ ပွဲဆက်ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းတစ်ရပ် အေဗီလာအသင်းရရှိ




**လန်ဒန် ဒီဇင်ဘာ ၁၀**

အေဗီလာအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၁၆)အဖြစ် ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သဖြင့် အိမ်ကွင်း ၁၅ ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကိုရရှိခဲ့ကြောင်း သိရသည်။

အေဗီလာအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ယခုနှစ် ဖေဖော်ဝါရီလက ကစားခဲ့သည့် အာဆင်နယ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် အိမ်ကွင်းရှုံးပွဲမရှိခဲ့ဘဲ ယခုအခါ အာဆင်နယ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည့် ပွဲစဉ်၌ တစ်ဂိုး ဂိုးမရှိဖြင့်ထပ်မံအနိုင်ရခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းပွဲစဉ်တွင် ၁၅ ပွဲဆက် ရှုံးပွဲမရှိခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အေဗီလာအသင်းက ပွဲစကတည်းက အာဆင်နယ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် ခုနစ်မိနစ်တွင် ရရှိသည့် ကွင်းလယ်ကစားသမား မက်ဂင်း၏သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး အာဆင်နယ်အသင်းအနေဖြင့် ချေပဂိုးရရှိရန်ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် တောင်ပံကစားသမား ဆာကာသွင်းယူသည့် သွင်းဂိုးမှာ လူကျွံနေသည့်အပြင် ပွဲပြီးဆုံးခါနီးတွင် ရရှိခဲ့သည့်ချေပဂိုးမှာလည်း ကိုင်ဟာဗက်လက်ထိခဲ့သောကြောင့် ချေပဂိုးမရရှိခဲ့ဘဲ အေဗီလာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၁၆) အပြီးတွင် အာဆင်နယ်အသင်းကို အနိုင်ရခဲ့သည့် အေဗီလာအသင်းက ရမှတ် ၃၅ မှတ်ရရှိခဲ့ပြီး အဆင့်(၃)သို့တက်ရောက်နိုင်ခဲ့ကာ အဆင့်(၁)မှ လီဗာပူးအသင်းနှင့် ရမှတ် နှစ်မှတ်သာ ကွာဟခဲ့သကဲ့သို့ အာဆင်နယ်အသင်း အနေဖြင့် ရမှတ် ၃၆ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။


Ref : RT
Trs : ML

## ပြင်သစ်လီဂူး ပွဲစဉ် (၁၅) ရလဒ်

| | | | | |
|---|---|---|---|---|
| နိုက် | ၂ | - | ၁ | ရိမ်း |
| ကလဲယားမောင့် | ၀ | - | ၀ | လိုင်လီ |
| မက်ဇ် | ၀ | - | ၁ | ဘရက် |
| စထရာဘော့ | ၂ | - | ၁ | လီဟာဗေး |

(၀၄၀)

# ပိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် ပန်းချီဆရာရှစ်ဦး၏ December Collector's Show အွန်လိုင်းပန်းချီပြပွဲပြသမည်



**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ပန်းချီဆရာရှစ်ဦး၏ December Collector's Show အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီအောင်ကျော်စိုးက ပြောပြ၍ သိရသည်။

အဆိုပါ December Collector's Show အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီ အောင်ကျော်စိုး၊ ပန်းချီ ခင်မောင်ရင်၊ ပန်းချီ မိုးညို၊ ပန်းချီ မြင့်နိုင်၊ ပန်းချီ ဖေညွန့်ဝေ၊ ပန်းချီ ဝင်းဖေ၊ ပန်းချီ ဇာနည်၊ ပန်းချီ ဒိတ်တို့ ရေးဆွဲထားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၆၀ ကို ပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာဆိုတဲ့အတိုင်း ဒီဇင်ဘာနဲ့ပတ်သက်တဲ့ ပန်းချီကားတွေ အများဆုံးပါမှာပါ။ နာမည်ရ ပန်းချီဆရာကြီး ဦးဝင်းဖေတို့၊ ဦးခင်မောင်ရင်တို့ ပန်းချီကားတွေ ပါမှာဖြစ်တဲ့အတွက် ပန်းချီချစ်သူတွေအတွက် အကြိုက်တွေ့ကြမှာပါ"ဟု ပန်းချီ အောင်ကျော်စိုးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# Oppenheimer ဇာတ်ကားကို ဂျပန်ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသမည်

**နယူးယောက် ဒီဇင်ဘာ ၁၀**

ဒါရိုက်တာ ခရစ္စတိုဖာနိုလန်၏ Oppenheimer ဇာတ်ကားကို ဂျပန်ရုပ်ရှင်ဈေးကွက်၌ မကြာမီကာလအတွင်း ရုံတင်ပြသမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီသည် Oppenheimer ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ဂျပန်ရုပ်ရှင်ဈေးကွက်မှတစ်ပါး ကျန်နိုင်ငံတကာရုပ်ရှင်ဈေးကွက်များ၌ ရုံတင်ပြသခဲ့သည်။

အဏုမြူဗုံးတည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် အမေရိကန်သိပ္ပံပညာရှင် ရောဘတ်ဂျေအိုပင်ဟိုင်းမား၏ ဘဝကို ရိုက်ကူးထားသည့် အဆိုပါဇာတ်ကားသည် ဂျပန်နိုင်ငံအတွက် အငြင်းပွားဖွယ်ဇာတ်ကားဖြစ်နေမှုကြောင့် Oppenheimer ဇာတ်ကားကို ဂျပန်ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသမှုမရှိခဲ့ခြင်းဖြစ်သည်။

Oppenheimer ဇာတ်ကား ဂျပန်ရုပ်ရှင်ဈေးကွက်၌ ရုံတင်မည့်ရက်ကိုမူ ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား ဝီလီယံဖာဗီနှင့် မင်းသမီး ဖလောရင့်ပက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ဒါးပိန်ပန်းပုအလုပ်ရုံများမှ နဂါးနှစ်ကောင်ပန်းပုကားချပ်များကို ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးရှိ ဒါးပိန်ပန်းပုအလုပ်ရုံများမှ နဂါးနှစ်ကောင်ပန်းပုကားချပ်များကို ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

လက်ရှိ ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ မှာယူနေသည့် ကျွန်းသားဖြင့် ထုလုပ်ထားပြီး အလျား ၁၈ လက်မ၊ အနံ ၃၆ လက်မ၊ ၃ နှစ်လက်မရှိ နဂါးနှစ်ကောင်ပန်းပုကားချပ်များမှာ ဈေးကွက်အတွင်း တစ်ချပ်လျှင် ငွေကျပ် ၁၈၀၀၀၀ ရှိကြောင်း သိရသည်။

"အခုလအတွက်တော့ ရှမ်းပြည်နယ်ဘက်ကလဲ မှာတယ်။ ရောဝတီတိုင်းဒေသကြီးဘက်ကလဲ မှာတယ်။ အခုလက်ရှိဆို အချပ် ၁၀၀ လောက် အော်ဒါရထားတာ။ ဆေးသွင်းပြီး နဂါးနှစ်ကောင်ပန်းပုကားချပ်တွေ အော်ဒါရထားတယ်။ သူတို့ဘယ်လောက် ရောင်းမယ်တော့မသိဘူး။ ကျွန်တော်တို့ဆီကတော့ လက်ခတစ်ချပ်ကို ငွေကျပ် ၈၀၀၀၀ လောက်တော့ရတယ်"ဟု ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြသည်။



ယခုအခါ ပြည်တွင်းပန်းပုဈေးကွက်များ ပြန်လည်လည်ပတ်လျက်ရှိပြီး နိုင်ငံအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များကလည်း ပြန်လည်မှာယူလျက်ရှိသည့်အတွက် ပန်းပုထည်များ မှာယူမှု မြင့်တက်နေကြောင်း သိရသည်။

ASH

# Jay and Silent Bot ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ကီဗင်စမစ် ရေးသားနေ

**နယူးယောက် ဒီဇင်ဘာ ၁၀**

Jay and Silent Bot ဟာသဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မင်းသား ကီဗင်စမစ်က ရေးသားနေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

Jay and Silent Bot ဇာတ်ကားများသည် Jay နှင့် Silent Bot အမည်ရှိ ဇာတ်ကောင်နှစ်ဦးကို အခြေခံထားသည့် ဟာသဇာတ်ကားဖြစ်သည်။

ယခင် ရိုက်ကူးပြသခဲ့ပြီးဖြစ်သည့် Jay and Silent Bot Strike Back နှင့် Jay and Silent Bot Reboot ဇာတ်ကားများတွင် Jay နှင့် Silent Botတို့အဖြစ် မင်းသား ဂျေဆင်မီးဝက်နှင့် ကီဗင်စမစ်တို့ ပါဝင်သရုပ်ဆောင်ခဲ့သည်။

အထက်ပါ ဇာတ်ကားနှစ်ကားစလုံးကို ကီဗင်စမစ်ကပင် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် မိမိအနေဖြင့် တတိယမြောက် Jay and Silent Bot ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်း စတင်ရေးနေပြီဖြစ်ကြောင်း ကီဗင်စမစ်က အနုပညာသတင်းဝက်ဘ်ဆိုက်တစ်ခုသို့ ဒီဇင်ဘာ ၉ ရက်တွင် အတည်ပြုပြောကြားထားသည်။

ကီဗင်စမစ်၏ Jay and Silent Bot ဇာတ်ကားများသည် ဟောလိဝုဒ် ရုပ်ရှင်လောကကို သရော်ထားသော ဇာတ်ကားများဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ၅၁ ကြိမ်မြောက် Saturn ရုပ်ရှင်ထူးချွန်ဆုများအတွက် ဆန်ခါတင်ဇာတ်ကားများစာရင်း ကြေညာ

**နယူးယောက် ဒီဇင်ဘာ ၁၀**

၅၁ ကြိမ်မြောက် Saturn ရုပ်ရှင်ထူးချွန်ဆုများအတွက် ဆန်ခါတင် ဇာတ်ကားများစာရင်းကို ဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့က ကြေညာထားကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

Saturn ရုပ်ရှင်ဆုပေးပွဲ ဆန်ခါတင် ဇာတ်ကားများစာရင်းတွင် ဒါရိုက်တာ ဂျိမ်းကင်မရွန်၏ Avatar:The Way of Water ဇာတ်ကားက ဆုပေါင်း ၁၂ ဆု၏ ဆန်ခါတင်စာရင်းများ၌ ပါဝင်လျက်ရှိသည်။

အလားတူ ဒါရိုက်တာ ခရစ္စတိုဖာနိုလန်၏ Oppenheimer ဇာတ်ကားကမူ ဆုပေါင်း ၁၁ ဆု၏ ဆန်ခါတင်စာရင်းများ၌ ပါဝင်နေကြောင်း သိရသည်။

ထို့ပြင် Barbie ဇာတ်ကားက ဆုပေါင်းရှစ်ဆု၏ ဆန်ခါတင်စာရင်းများတွင် လည်းကောင်း၊ Guardians of Galaxy Vol 3 ဇာတ်ကားကမူ ဆုပေါင်း ခုနစ်ဆု၏ ဆန်ခါတင်စာရင်းတွင်လည်းကောင်း ပါဝင်လျက်ရှိသည်။


၁၉၇၃ ခုနှစ်မှစ၍ နှစ်စဉ်ချီးမြှင့်ခဲ့သည့် Saturn ရုပ်ရှင်ဆုသည် ဟောလိဝုဒ်ရုပ်ရှင်လောက၌ သိပ္ပံဆန်းကြယ်ဇာတ်ကားများ၊ ထိတ်လန့်သည်းဖိုဇာတ်ကားများ အားကောင်းလာရေးအတွက် ရည်ရွယ်ပေးအပ်သည့်ဆုဖြစ်သည်။

Saturn ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and Daw Kyu Kyu Hla cordially gives warm words of encouragement to officers and other ranks and MPF members, wounded while discharging national defence and security duties


Senior General Min Aung Hlaing presents cash award to a patient.


Senior General Min Aung Hlaing checks the record of a patient.

**Nay Pyi Taw December 10**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, and senior military officers from Office of Commander-in-Chief and wives, gave words of encouragement to officers and other ranks and members of Myanmar Police Force, who were wounded while discharging national defence and security duties, at the local military hospital in Lashio, Shan State (North), this morning.

In giving words of encouragement, the Senior General individually visited officers and other ranks and MPF members, who were wounded while discharging national defence and security duties, and warmly and cordially asked about the type of wounds, medical treatment, and degree of recovery, and the health situation of family member inpatients. The Senior General also looked into the requests and general needs of officers and other ranks.

Afterwards, the Senior General and wife and party presented honorary cash awards and gifts to officers and other ranks and MPF members, and families receiving medical treatment at the hospital.

Daw Kyu Kyu Hla and party visited every Tatmadaw family member receiving medical treatment at the Obstetrics and Gynecology and Childcare Ward, and cordially and warmly asked after their health and presented gifts to them.

100


Daw Kyu Kyu Hla presents cash award to a patient.


Daw Kyu Kyu Hla comforts a patient.

# Plan underway to designate Kyuntaw Village in Magway Township as third one of CBT village

**Magway December 10**

Director U Zaw Lwin Htet of Magway Region Directorate of Hotels and Tourism stated that arrangements are being made to set Kyuntaw Village in Magway Township as the third community-based tourism site of Magway Region.

Local authorities decided to conduct management courses to the local villagers for operating the CBT village.

"Kyuntaw Village will be the third CBT village in Magway Region. As its nature, only when local people are keen to set up their village as a CBT site will it be successful. So, departmental officials urge them to participate in implementation of the CBT project and conduct necessary training courses for the local people. Moreover, we are seeking permits from township level authorities and regional tourism work committee. Travellers can visit 26 ancient pagodas and stupas and many collapsed monuments. They can observe mural paintings at PhaugdawU Pagoda and spiral stairs like that of pagodas in Bagan. Moreover, they can visit inner tunnels in Shwezigon Pagoda," he explained.

Kyuntaw Village is located in Taungkhun Village-tract of Magway Township. It is an island in Ayeyawady River, 30 miles from Magway. More than 100 houses can be seen in the village.

Travellers can visit ancient stupas and temples in works of Bagan era and observe mural paintings. Moreover, they can take relaxation at sandbanks around the island.

ASH

# MNA transports more than 600 passengers per day

**Mandalay December 10**

Myanmar National Airlines-MNA transports more than 600 passengers per day from Mandalay to Bhamo, Kengtung and other major cities, said manager U Aung Min Swe of Mandalay Branch from MNA.

In the past, the daily number of passengers of MNA was lesser from Mandalay to Bhamo, Myitkyina, Tachilek, Kengtung and Kalay. Starting from 8 December, passenger number of MNA surged.

"Flight passenger used MNA in their working visits to other cities. So, number of passengers resurge in flights of MNA," he explained.

Number of passenger of MNA from Mandalay to Bhamo, Myitkyina, Tachilek, Kengtung and Kalay reached over 500 per day in the last week of November, compared with more than 600 passengers starting from 8 December.

184

# SAC Chairman Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla comfort temporarily internally displaced persons at Thiri Mingala Mansu Shan Monastery in Lashio



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to the Sayadaw.



Senior General Min Aung Hlaing presents gifts to temporary IDPs.

**Nay Pyi Taw December 10**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing this afternoon, accompanied his wife Daw Kyu Kyu Hla, those entourages and their wives, the Chief Minister of Shan State, the commander of North-East Command and officials, met with temporarily internally displaced persons at Thiri Mingala Mansu Shan Monastery in Lashio.

First, the Senior General and wife together with members arrived at Thiri Mingala Mansu Shan Monastery in Lashio and paid homage to abbot of Mansu Shan Monastery Agga Maha Ganthavacaka Pandita Agga Maha Kammathanacariya Agga Maha Saddhamma Jotikadhaja Dr Bhaddanta Puññananda. The Senior General and wife donated replica Buddha image of Maravijaya Buddha Image and alms to the Sayadaw and presented K500 million, more than 6,000 pieces of clothes and rice and foodstuffs for temporarily IDPs in Lashio. The Sayadaw explained the plan to allocate those donations to the all IDPs.

The Senior General cordially greeted the temporarily IDPs at the monastery and pledged to strive for them to soonest reside in their natives. The Senior General stressed the need to make collaborative efforts for rehabilitation tasks on their arrival at their regions. The government and the Tatmadaw will provide necessary assistance to them as much as possible. At present, the Senior General expressed the plan for fulfill foodstuff and utensil needs and to further provide aid. The Senior General also comforted them to forge peace and stability of the region as quickly as possible. Then, the Senior General and wife presented foodstuffs and utensils to them and the temporarily IDPs spoke words of thanks.



Senior General Min Aung Hlaing meets temporary IDPs.

The Senior General, wife and party left the monastery where temporarily IDPs waved at them.

At the parlour of North-East Command, the Senior General and wife presented K500 million for officers, other ranks and families serving security duties in the command area through the commander.

The Senior General and wife cordially greeted officers, other ranks and families and presented clothes and foodstuffs to families.

Due to terror acts of MNDAA, TNLA and AA groups and PDF terrorists starting from 27 October, Shan State (North) lost some villages, towns, roads and bridges. Local residents evaded from their regions and are taking shelter at monasteries, schools, religious buildings, offices and buildings in Lashio. So far, a total of 4,922 persons from 1,428 households are taking shelter there. The government and the Tatmadaw are providing necessary aid to them for convenience of basic needs of the temporarily IDPs and management measures. Moreover, arrangements are being made for taking regional security measures for those persons to reside in their regions peacefully.

The temporarily IDPs spoke words of thanks for provisions of aids and expressed their experiences.

1. Now, we are taking shelter in evasion of war at Mansu monastery. We faced many difficulties. Our property and houses were damaged by unscrupulous persons, but we are now in good conditions thanks to Mansu Sayadaw. We condemn a handful of unscrupulous persons who destroyed our property. We are pleased for Chairman of the State Administration Council arrived here. We pray not to face current hardships in more lives.

2. We do never have such experiences. Thanks to assistance of the administrative bodies and the State, we are taking shelter at Mansu monastery. We also pray not to face current plights in the future and not to emerge similar organizations. We left our houses and property as well as our businesses. Anyhow, we cannot support those saboteurs.

3. Now, we are homeless, taking shelter at the monastery of Mansu Pagoda. The Prime Minister fulfilled our needs. He pledged he will provide aid to all families for convenience. He also fulfilled requirements of all measures. We heartily thanked all officials for their donations and safeguarding measures.

4. Now, we are staying here with evasion of war. We thank the Head of State and officials much for their aid to us in Lashio. 100



Temporary IDPs express thanks and recount their experiences.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers address at ceremony to mark 75th Human Rights Day



Vice-Senior General Soe Win addresses the celebration of 75th Human Rights Day.

**Nay Pyi Taw December 10**

A ceremony to mark the 75th Human Rights Day was held at the Myanmar International Convention Centre-1 in Nay Pyi Taw this morning and Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the ceremony.

Also present at the ceremony were members of the SAC, union-level officials and union ministers, the chairman of the Nay Pyi Taw Council, senior military officers, the commander of the Nay Pyi Taw Command, deputy ministers, officials from the Myanmar Human Rights Commission, UN agencies and foreign missions in Myanmar and guests.

Forst, the Vice-Senior General Delivered an address, saying after regaining independence, Myanmar became a member of the United Nations on 19 April, 1948. Myanmar voted for the declaration of universal human rights at the general assembly held on 10 December, 1948. In accordance with the decision, 10 December, on which the Universal Declaration of Human Rights was adopted, was designated as the Human Rights Day. Ceremonies to mark the 75th anniversary Human Rights Day to commemorate the adoption of the Universal Declaration of Human Rights are held in countries across the world. As Myanmar respects human rights, the country participates in UN activities consistently in accordance with provisions of the UN and holds the ceremony in the same way as other countries.

The UN adopted the Universal Declaration of Human Rights, which set human right standards for mankind based on human dignity, freedom and justice, on 10 December, 1948. The declaration includes 30 paragraphs, covering fundamental human rights, civil and political rights, economic, social and cultural rights and responsibilities of mankind.

As the declaration recognizes dignity and equality of all humans, it has been translated into more than 500 languages to enable all humans to understand it comprehensively and was recognized as the most translated declaration in the world by the Guinness World Record.

As countries across the world were aware that it is necessary to form human rights bodies to enable their citizens to enjoy human rights, they made efforts to form such bodies. An international workshop on the formation of human rights bodies was held in Paris, France in 1991. During the workshop, fundamental principles to be observed in formation of national human rights bodies and operations were adopted. It was learnt that 120 national human rights bodies have been formed in the world.

In Myanmar, to protect the fundamental rights of citizens under the 2008 constitution and to enable citizens to enjoy rights under the Universal Declaration of Human Rights, the Myanmar National Human Rights Commission has been formed for 12 years. Measures are being taken by the Myanmar National Human Rights Commission and relevant organizations are exerting efforts to create peaceful communities and eliminate discrimination in various sectors by respecting human rights. Myanmar signed international human rights conventions including the International Covenant on Economic, Social and Cultural Rights, The United Nations Convention on the Rights of the Child, The Convention on the Elimination of All Forms of Discrimination Against Women and United Nations Convention on the Rights of Persons with Disabilities and associated documents and observing the provisions of the conventions. Nowadays, it is known to all that fundamental rights of humans have been undermined by wars, instabilities, rivalries and interference between countries and natural disasters and consequences caused by climate change. Peace, development and human rights are interrelated and humans can lead peaceful lives and enjoy high socioeconomic lives and human rights only when peace and development are guaranteed. Stability of the entire country is essential for enabling citizens to enjoy fundamental human rights and high social lives.

As our council is well aware of this fact, we are working hard to reduce the violence and instability in the country and achieve peace. In view of a peaceful and prosperous future for the nation and the ethnic people and a better present, we are striving to strengthen the multi-party democratic system full of flourishing discipline and build a union based on democracy and federalism as a political goal. Promoting and protecting human rights helps build and maintain peace, and peace is essential for the citizens to fully enjoy human rights.



Vice-Senior General Soe Win views publications on human rights.

No matter how much efforts are made to encourage people to respect human rights and obtain basic human rights, if peace and stability does not prevail and if there are riots, violence and armed conflicts, human rights in those areas will also be weak. Only if the entire people participate in the State's efforts to ensure the equality of ethnic people's rights and national unity, will human rights flourish in a peaceful society. Therefore, only when the armed conflict ends and true peace is achieved, can the benefits for all citizens be furthered. So, it is necessary for all stakeholders to make an all-round effort to ensure stability and peace in the country.

As our government prioritizes to develop the socio-economic life of the people, we are also encouraging domestic and foreign investments, creating employment opportunities and improving the economic sectors. Working on these means promoting people's human rights and protecting them against harm and loss.

This year's International Human Rights Day theme is "Dignity, Freedom and Justice for all." "All human beings are born free and have equal human dignity and rights," as stated in the Universal Declaration of Human Rights, which states that human rights are the inalienable rights of all human beings. However, the essence and meaning of human rights will be apparent only if we respect and value the rights of others while enjoying our own rights and do not harm them. The ethnic people who live in the Republic of the Union of Myanmar, which is founded with diversity, should respect each other, hold human dignity, and practice their rights and responsibilities.

After that, Chairman of the Myanmar National Human Rights Commission U Paw Lwin Sein explained the activities of the commission, and Vice Chairperson Dr Nada Hmoon read the message sent by the Secretary General of the United Nations to commemorate the International Human Rights Day.

Then, a documentary video of the 75th anniversary of the Universal Declaration of Human Rights, referred to by the United Nations as a commemoration of the International Human Rights Day, and a documentary video of the introduction of the Universal Declaration of Human Rights books translated into eight Naga ethnic languages and Kachin (Lawwaw) ethnic languages as a cooperation program with the Ministry of Ethnic Affairs in 2023 were shown.

Afterwards, the chairman of the National Human Rights Commission presented an honorary gift to the Vice-Senior General.

Artistes from the Fine Arts Department under the Ministry of Religious Affairs and Culture performed with a commemorative song.

Later, the Vice-Senior Geneal and those attending the ceremony viewed the photos of the Myanmar National Human Rights Commission's activities and publications on human rights.

100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယရေတပ်က MiG-29 တိုက်လေယာဉ်များတွင် အစ္စရေးထုတ် Rampage ဒုံးကျည်များ တပ်ဆင်အသုံးပြုခဲ့



အိန္ဒိယရေတပ်သည် ၎င်း၏ MiG-29 တိုက်လေယာဉ်များတွင် အစ္စရေးထုတ် Rampage ဒုံးကျည်များ တပ်ဆင်၍အသုံးပြုခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပင်လယ်ရေကြောင်းသုံး သင်္ဘောပေါ်တွင် တင်ဆောင်နိုင်သည့် တိုက်လေယာဉ်၏တောင်ပံအောက်တွင် Rampage ဒုံးကျည် တပ်ဆင်အသုံးပြုထားသည်ကို တွေ့ရှိခဲ့ရကြောင်း The War Zone သတင်းဝက်ဘ်ဆိုက်၏ အစီရင်ခံချက်အရ သိရသည်။

ထို့ပြင် ဆိုရှယ်မီဒီယာပေါ်ရှိ အခြားဓာတ်ပုံတစ်ပုံတွင် အိန္ဒိယရေတပ်မှ အရာရှိအချို့သည် MiG-29 တိုက်လေယာဉ်များနှင့်အတူ သိုလှောင်ရုံတစ်ခုအတွင်း Rampage ဒုံးကျည်တစ်စင်း စစ်ဆေးကြည့်ရှုနေသည်ကို တွေ့မြင်ခဲ့ကြရသည်။

ထွက်ပေါ်လာသော သတင်းရင်းမြစ်များအရ Rampage ဒုံးကျည်များ ပေါင်းစည်းအသုံးပြုမှုသည် အိန္ဒိယနှင့် အစ္စရေးတို့ကြား အထူးသဖြင့် ဒုံးကျည်ရောင်းချမှုတွင် ပိုမိုကောင်းမွန်သော စစ်ဘက်ဆက်ဆံရေးတစ်ရပ်ကို ထင်ဟပ်ပြသလျက်ရှိနေသည်။

အဆိုပါ Rampage ဒုံးကျည်သည် အလားအလာရှိသော နယ်စပ်ပဋိပက္ခများအတွက် ပြင်ဆင်နေမှုတွင် အိန္ဒိယကို ကာကွယ်ရေးစွမ်းရည် မြှင့်တင်ပေးနိုင်သည်။ အိန္ဒိယနိုင်ငံသည် Rampage ဒုံးကျည်များကို ပထမဆုံး ဝယ်ယူအသုံးပြုခဲ့သည့် နိုင်ငံရပ်ခြား ဖောက်သည်နိုင်ငံတစ်နိုင်ငံအဖြစ်လည်း အတည်ပြုနိုင်ခဲ့သည်။

အစ္စရေးနိုင်ငံ Elbit Systems က တီထွင်ထုတ်လုပ်ထားသည့် Rampage ဒုံးကျည်သည် အနောက်အုပ်စုနိုင်ငံများနှင့် အရှေ့တိုင်းနိုင်ငံများ နှစ်ဖက်စလုံးမှ ထုတ်လုပ်ထားသော တိုက်လေယာဉ်များနှင့် တွဲဖက်အသုံးပြုနိုင်သည့် တာဝေးပစ် ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်အမျိုးအစားလည်းဖြစ်သည်။

၎င်းသည် ကွပ်ကဲမှုဌာနချုပ်များ၊ လေတပ်အခြေစိုက်စခန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးစင်တာများကဲ့သို့ သတ်မှတ်ထားသော၊ အချိန်နှင့်အမျှ ခိုင်မာကောင်းမွန်စွာကာကွယ်မှု ရယူထားသော အရေးကြီး၊ အချက်အချာကျသည့် ပစ်မှတ်များကို ထိထိရောက်ရောက် တိုက်ခိုက်ဖျက်ဆီးနိုင်သည်။

Rampage ဒုံးကျည်သည် တိုက်ပွဲဝင်ရာတွင် တိကျမှု၊ ဘေးထွက်ဆိုးကျိုးထိခိုက်မှုနည်းပါးမှုတို့နှင့်အတူ Supersonic အလျင်နှုန်းဖြင့် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ထို့ပြင် Rampage ဒုံးကျည်သည် ၎င်း၏ပစ်မှတ်များသို့ရောက်ရှိရန် လမ်းညွှန်စနစ်ကိုအသုံးပြုတိုက်ပွဲဝင်နိုင်မည်ဖြစ်ကာ ရန်သူ့ Jamming စနစ်များကို တန်ပြန်ခံနိုင်ရည်ပါရှိသည်။

အဆိုပါဒုံးကျည်သည် ရာသီဥတု အခြေအနေမရွေး၊ နေ့ညမရွေး တိုက်ပွဲဝင်ပျံသန်းနိုင်ရန် ဗီဒီယိုလိုင်းထုတ်လွှင့်မှုနှင့် ကြိုးမဲ့ဆက်သွယ်ရေးတို့ကိုပါ ပံ့ပိုးပေးထားသည်ဟု အစ္စရေးနိုင်ငံ Israel Aerospace Industries ဝက်ဘ်ဆိုက်တွင် ဖော်ပြချက်တစ်ခုအရ သိရသည်။

**Indian Navy's MiG-29 Combat Jets Receive Israeli Rampage Missiles: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံ Boeing ကုမ္ပဏီထုတ် RQ-21A Blackjack ဒရုန်းများ ဘင်္ဂလားဒေ့ရှ်စစ်ဘက် လက်ခံရရှိမည်

ဘင်္ဂလားဒေ့ရှ်စစ်ဘက်သည် အမေရိကန်နိုင်ငံ Boeing Insitu ကုမ္ပဏီထုတ် RQ-21A Blackjack ဒရုန်းကို လက်ခံရရှိမည်ဖြစ်ကြောင်း Airrecognition.com သတင်းဌာနက ဒီဇင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသို့ လက်ခံရရှိနိုင်မှုကို နိုင်ငံရေး-စစ်မှုရေးရာဗျူရိုရှိ ဒေသတွင်းလုံခြုံရေးအတွက် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mira Resnick နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် Peter Haas တို့ ပူးတွဲကြေညာခဲ့ခြင်းလည်းဖြစ်ကြောင်း Airrecognition.com သတင်းဌာနက ဒီဇင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒရုန်းများ လွှဲပြောင်းပေးအပ်မှုနှင့် ပတ်သက်၍ ဆွေးနွေးမှုများသည် ၂၀၂၃ ခုနှစ် ဩဂုတ်လမှစတင်ကာ ဆက်လက်လုပ်ဆောင်လာခဲ့ပြီး အမေရိကန်-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးတွင် အရေးကြီးသော အခိုက်အတန့်များဖြစ်သည်ဟု ၎င်းတို့က ပြောကြားခဲ့သည်။

RQ-21A Blackjack ဒရုန်းသည် တောင်ပံ ၄ ဒသမ ၉ မီတာ၊ အမြင့်ပေ ၂၀၀၀၀ ကျော်ထိ ပျံသန်းစစ်ဆင်နိုင်စွမ်း အပြင် အထင်ကြီးလောက်ဖွယ်ရာ ဝိသေသလက္ခဏာများ ပိုင်ဆိုင်ထားသည်။ Boeing Insitu ကုမ္ပဏီက ထုတ်လုပ်ထားပြီး အလေးချိန် ၁၇ ဒသမ ၇ ကီလိုဂရမ် Payload တင်ဆောင်နိုင်စွမ်း၊ ပုံမှန်အမြန်နှုန်း 60 Knots ဖြင့် လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၁၆ နာရီကြာ ပျံသန်းနိုင်စွမ်းရှိသည်။ စနစ်တစ်ခုတွင် မစ်ရှင်အများအပြား ထမ်းဆောင်နိုင်သော Payload များတပ် ဒရုန်း ငါးစင်း၊ မြေပြင်ထိန်းချုပ်ရေးစခန်း နှစ်ခုနှင့် အပိုထောက်ပံ့ရေးပစ္စည်းကိရိယာများပါရှိသည်။

ဘက်စုံသုံးနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားပြီး Blackjack ဒရုန်း၏ စံသတ်မှတ်ထားသော Payload များတွင် ပုံရိပ်ဖော်စနစ်၊ အနီအောက်ရောင်ခြည်သုံး ပုံရိပ်ဖော်စနစ်၊ လေဆာအကွာအဝေးရှာကိရိယာနှင့်အနီအောက်ရောင်ခြည် ပုံရိပ်ပြစနစ်တို့ ပါဝင်သည်။ သို့သော်လည်း ၎င်း၏ မော်ဂျူလာဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းသည် အမျိုးမျိုးသော ပုံရိပ်ဖော်ကိရိယာများ၊ ဆက်သွယ်ရေးစနစ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များနှင့် အချက်ပြထောက်လှမ်းရေးစွမ်းရည်များဖြင့် လျင်မြန်စွာစိတ်ကြိုက်ပြင်ဆင် တပ်ဆင်အသုံးပြုနိုင်သည်။

Blackjack ဒရုန်း၏ထူးခြားသော အင်္ဂါရပ်များထဲမှတစ်ခုမှာ ၎င်း၏တပ်ဖြန့်အသုံးပြုမှုနည်းလမ်းပင်ဖြစ်သည်။ Pneumatic Launch ဟုခေါ်လေ့ရှိသည့် လျှောလမ်းကြောင်းပါရှိသည့် ဒရုန်းပစ်လွှတ်စင်နောက်တွဲတစ်ခုနှင့် Skyhook System ဟုခေါ်ဝေါ်သုံးနှုန်းလေ့ရှိသည့် မြေပြင်သို့မကျစေရန် ဒရုန်းကိုကြိုးဖြင့် ချိတ်ယူ၍ ပြန်လည်ဖမ်းယူသည့်စနစ်တို့ကို ပေါင်းစပ်အသုံးပြုထားသည့်အတွက် စွမ်းဆောင်ရည်နှင့် ထိရောက်မှုတို့တွင် အားသာချက်ရှိစေသည်။



ဘင်္ဂလားဒေ့ရှ်ကြည်းတပ်သည် အဆိုပါ အဆင့်မြင့်စနစ်များကို နိုင်ငံအတွင်း စစ်ဆင်ရေးနယ်မြေများတစ်လျှောက်နှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများတွင် အသုံးပြုသွားလိမ့်မည်ဖြစ်သည်။ ဤဝယ်ယူမှုသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို အထောက်အကူဖြစ်စေရန်အတွက် ဘင်္ဂလားဒေ့ရှ်၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံ နိုင်ငံခြားစစ်ဘက်ဘဏ္ဍာရေး - Foreign Military Financing (FMF) အစီအစဉ်၏တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခင်ကလည်း M1224 MaxxPro မိုင်းဒဏ်နှင့်ခြုံခိုတိုက်ခိုက်မှုဒဏ် ခံနိုင်ရည်ရှိသော သံချပ်ကာယာဉ် (MRAP) အစီး ၉၀ ကို မိုင်းရှင်းစက် ၁၁ စင်းတို့နှင့်အတူ လက်ခံရရှိခဲ့ဖူးသည်။

အမေရိကန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တပ်ဖွဲ့ဝင်များအတွက် ပိုမိုခေတ်မီသော ကာကွယ်ရေးပစ္စည်းကိရိယာများ ပေးအပ်သွားရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော် ဤကမ်းလှမ်းချက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အခြေခံကာကွယ်ရေးသဘောတူစာချုပ်နှစ်ခုဖြစ်သည့် စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက် အထွေထွေလုံခြုံရေးသဘောတူညီချက်၊ နိုင်ငံရပ်ခြားနှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွက် ဝယ်ယူထောက်ပံ့ရေး သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးခြင်းအပေါ် မူတည်နေကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်များသည် အမေရိကန်နိုင်ငံအတွက် နှစ်နိုင်ငံကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်စေရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း သိရသည်။

**Bangladesh Army to receive US-made Boeing Insitu RQ-21A Blackjack UAVs ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

ရှေ့ဖုံးမှအဆက်


လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာ ရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့်အခြေအနေများနှင့် ရောဂါကုသ ပျောက်ကင်းသက်သာမှု အခြေအနေများကိုလည်းကောင်း၊ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် မိသားစုဝင်များ၏ ကျန်းမာရေး အခြေအနေများကိုလည်းကောင်း တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များ၊ အထွေထွေလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များကို တစ်ဦးချင်းရင်းနှီးနွေးထွေးစွာ ပြောကြားပြီး လက်ဆောင်ပစ္စည်းများဖြင့် လိုက်လံနှုတ်ဆက်အားပေးစကား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ မိသားစုဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင် ကလေးငယ်တစ်ဦးအား ရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်တစ်ဦးအား ရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံမေးမြန်း အားပေးစကားပြောကြားစဉ်။

စာမျက်နှာ ၁၇ မှအဆက်

တွေနဲ့ နိုင်ငံတော်က ဦးစီးအဖွဲ့အစည်းတွေက ကျွန်မတို့ကို အခုလိုမျိုးကူညီပံ့ပိုးလို့ အခုလိုမျိုး မန်ဆူဘုန်းကြီးကျောင်းမှာ နေခဲ့ရပါတယ်။ နောင်ကိုလည်း ဒီလိုမျိုးမဖြစ်အောင်လို့ ကျွန်မတို့ အမြဲတမ်းဆုတောင်းနေပါတယ်။ ဒီလိုမျိုးတိုက်ခိုက်တဲ့ အဖွဲ့အစည်းတွေလည်း မရှိပါစေနဲ့၊ ကျွန်မတို့လို အိုးပစ်အိမ်ပစ်တွေ၊ သားသမီးပစ်တွေနဲ့လည်း ပစ်ထားခဲ့ရပါတယ်။ ကျွန်မတို့မှာ စီးပွားရေးတွေအကုန်လုံးလည်း ပျက်စီးခဲ့ရပါတယ်။



အဲဒီတော့ ဒီလိုမျိုးဖျက်ဆီးယိုယွင်းတဲ့သူတွေကိုလည်း ဘယ်လိုမှထောက်ခံလို့မရပါဘူး။

မိသားစုတွေ အိုးမဲ့အိမ်မဲ့လိုဖြစ်နေပြီးတော့မှ မန်ဆူကြေးဘုရားဘုန်းကြီးကျောင်းမှာ ရောက်ခဲ့ရပါတယ်။ အဲ့ကနေပြီးတော့ နိုင်ငံတော်ဝန်ကြီးချုပ်လာပြီးတော့မှ အစစအရာရာပြည့်စုံအောင် လုပ်ပေးပါတယ်။ မိသားစုတွေအကုန်လုံး အဆင်ပြေအောင် လုပ်ပေးမယ်လို့လဲ သူလုပ်ပေးမယ်လို့လဲ အကုန်လုံးက အာမခံပေးသွားပါတယ်။ ကျွန်တော်တို့အကုန်လုံး အစစအရာရာ



လည်း ဝေရာဝစ္စအကုန်လုံးပြည့်စုံအောင် လုပ်ပေးသွားပါတယ်။ အကုန်လုံးလာလျှုတဲ့အတွက်ရော ကျွန်တော်တို့ ပြည်သူလူထုကို စောင့်ရှောက်ပေးတဲ့သူအားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့အိမ်နေလူတွေ ဒီကိုတည်းခိုပြီးတော့ စစ်ဘေးရှောင်လာတာ နိုင်ငံတော်အကြီးအကဲတွေ၊ ဒီကတာဝန်ရှိတဲ့ လားရှိုးမြို့ကန်းမှာ လူကြီးမိဘတွေလာပြီးတော့ ကျွန်တော်တို့ကို ကူညီပေးတာတော့ အများကြီးကို ကျေးဇူးတင်ပါတယ်။

☆ **ကျောဖုံးမှအဆက်**

ထောက်ခံမဲပေးခဲ့ကြောင်း၊ မဲခွဲဆုံးဖြတ်ချက်အရ ကုလသမဂ္ဂအထွေထွေညီလာခံက လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights-UDHR)ကို အတည်ပြုထုတ်ပြန်သည့် ဒီဇင်ဘာ ၁၀ ရက်ကို "အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့" အဖြစ်သတ်မှတ်ခဲ့ကြောင်း၊

ယနေ့ ကမ္ဘာနိုင်ငံအသီးသီးတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ် "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနား"များကို ကျင်းပလျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကုလသမဂ္ဂ၏ပြဋ္ဌာန်းချက်များနှင့်အညီ တစ်စိုက်မတ်မတ်ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် နိုင်ငံတကာအသိုက်အဝန်းနည်းတူ ယခုကဲ့သို့ အထိမ်းအမှတ်အခါသမယကို ပါဝင်ကျင်းပခြင်းဖြစ်ကြောင်း၊

ကုလသမဂ္ဂက ကမ္ဘာကြီးအတွက် လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့်နှင့် တရားမျှတမှုများကိုအခြေခံထားပြီး လူသားများအတွက် လူ့အခွင့်အရေးစံနှုန်းများပါဝင်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါကြေညာစာတမ်းတွင် အပိုဒ်ပေါင်း ၃၀ ပါရှိပြီး လူ့အခွင့်အရေးအားလုံး၏အခြေခံများ၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများနှင့် လူသားများ၏ တာဝန်ဝတ္တရားများအကြောင်းတို့ကို ဖော်ပြပါရှိကြောင်း၊

ယင်းကြေညာစာတမ်းသည် လူသားအားလုံး၏ ဂုဏ်သိက္ခာနှင့်တန်းတူညီမျှရှိမှုတို့ကို အသိအမှတ်ပြုထားသည့် ကြေညာစာတမ်းကြီးဖြစ်၍ ကမ္ဘာကြီးတွင် အဆိုပါကြေညာစာတမ်းကို လူသားအားလုံးကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရန်အတွက် ဘာသာပြန်ဆိုရာတွင် ဘာသာစကားပေါင်း ၅၀၀ ကျော် ဘာသာပြန်ဆိုပြီးဖြစ်သည့်အတွက် ဘာသာပြန်ဆိုမှုအများဆုံးဂင်းနစ်စံချိန်ဝင်လည်းဖြစ်သည်ဟု သိရှိရကြောင်း၊

ကမ္ဘာပေါ်ရှိ နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံရှိ နိုင်ငံသူ နိုင်ငံသားများ လူ့အခွင့်အရေးများ ရရှိခံစားနိုင်ကြစေရန်နှင့် ကာကွယ်ပေးနိုင်စေရန် နိုင်ငံအတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းကြရန်လိုအပ်ကြောင်း သိမြင်လာသည့်အတွက် နိုင်ငံအသီးသီးတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများ တည်ထောင်နိုင်ရေးကြိုးပမ်းခဲ့ကြကြောင်း၊ ၁၉၉၁ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ တည်ထောင်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါဆွေးနွေးပွဲတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် "အခြေခံမူများ"ကိုလည်း သတ်မှတ်ရေးဆွဲခဲ့ကြကြောင်း၊ ယနေ့ ကမ္ဘာကြီးတွင် အဆိုပါအခြေခံမူများအရ ဖွဲ့စည်းတည်ထောင်ထားရှိပြီးဖြစ်သည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းပေါင်း ၁၂၀ ရှိနေပြီဟု သိရှိရကြောင်း၊

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများကို နိုင်ငံသားများခံစားရရှိနိုင်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၁၂ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာခြင်း၊ ပြဋ္ဌာန်းပြည့်ဆည်းပေးခြင်းအားဖြင့် ငြိမ်းချမ်းသာယာသည့် လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးနှင့် ကမ္ဘာအသီးသီးတွင် မညီမျှမှုများ၊ ခွဲခြားဆက်ဆံမှုများ မရှိစေရေးကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အပါအဝင် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့နှင့်အတူ ချိတ်ဆက်ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များတွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်များနှင့်ဆက်စပ်သည့် နောက်ဆက်တွဲစာချုပ်အချို့ကိုလည်း ပါဝင်ချုပ်ဆိုကာ စာချုပ်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊

ယနေ့အချိန် ကမ္ဘာကြီးတွင် စစ်မက်ဖြစ်ပွားမှုနှင့် မငြိမ်းချမ်းမှုများ၊ နိုင်ငံအချင်းချင်း အားပြိုင်မှုများနှင့် စွက်ဖက်ခြယ်လှယ်ကျူးကျော်လိုမှုများ၊ ကပ်ရောဂါများ၊ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များနှင့် ယင်းတို့၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် လူသားများ၏ အခြေခံလူ့အခွင့်အရေးများ ထိပါးခံနေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့သည် အပြန်အလှန်ပတ်သက်ဆက်နွယ်မှုရှိနေကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ လူသားများ အေးအေးချမ်းချမ်းနှင့် အဆင်ပြေပြေအသက်ရှင်ရပ်တည်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝမြင့်မားကာ အခြေခံလူ့အခွင့်အရေးများကိုလည်း ပိုမိုရရှိခံစားနိုင်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားများအခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုဘဝမြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကကျကြောင်း၊

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အဆိုပါအချက်ကိုကောင်းစွာ သိရှိနားလည်သည့်အတွက် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများ လျော့နည်းပပျောက်ပြီး ငြိမ်းချမ်းမှုများရရှိအောင် အားထုတ်ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့်ပစ္စုပ္ပန်ကို မျှော်မှန်းတည်ဆောက်လျက်ရှိပြီး နိုင်ငံရေးရည်မှန်းချက်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းကို အထောက်အကူဖြစ်စေသကဲ့သို့ ငြိမ်းချမ်းရေးသည်လည်း နိုင်ငံသားများ လူ့အခွင့်အရေးများ အပြည့်အဝခံစားခွင့်ရရှိရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊

လူ့အခွင့်အရေးကို ရှိသေလေးစားကြရန်နှင့် အခြေခံလူ့အခွင့်အရေးများရရှိရန် မည်မျှပင် တိုက်တွန်းကြိုးပမ်းကြသော်လည်း တည်ငြိမ်အေးချမ်းမှု ပျောက်ဆုံးနေလျှင်၊ ဆူပူအကြမ်းဖက်မှုများ၊ လက်နက်ကိုင်တိုက်ပွဲများဖြစ်နေမည်ဆိုလျှင် အဆိုပါဒေသများတွင် လူ့အခွင့်အရေးများသည်လည်း မှေးမှိန်အားနည်းနေမည်ကို သတိထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေရာတွင် တိုင်းရင်းသားပြည်သူအားလုံးက ပါဝင်ဆောင်ရွက်ကြမှသာ ငြိမ်းချမ်းသာယာဝပြောသည့်လူ့ဘောင်တွင် လူ့အခွင့်အရေးများရှင်သန်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမှသာလျှင် နိုင်ငံသားအားလုံး၏အကျိုးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရှိရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊

မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်း၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ဆောင်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် ပြည်သူများ၏ လူ့အခွင့်အရေးကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးရာရောက်ကြောင်း၊

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဆောင်ပုဒ်မှာ "Dignity, Freedom and Justice for all" "လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် အားလုံးအတွက် တရားမျှတမှု" ဖြစ်ကြောင်း၊ "လူသားတိုင်း လွတ်လပ်စွာမွေးဖွားလာကြပြီး လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်"ဟု ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေးသည် လူသားအားလုံးရပိုင်ခွင့်ရှိသည့် ပစ်ပယ်၍မရသော မွေးရာပါအခွင့်အရေးဖြစ်ကြောင်း၊ သို့သော် မိမိတို့၏အခွင့်အရေးကိုရရှိခံစားရာတွင် သူတစ်ပါး၏ အခွင့်အရေးများကိုလည်း လေးစားတန်ဖိုးထားပြီး ထိခိုက်ဆုံးရှုံးနစ်နာမှုမရှိအောင် ကျင့်သုံးမှသာ လူ့အခွင့်အရေးဆိုသည့် အနှစ်သာရနှင့် အဓိပ္ပာယ်သည် ပေါ်လွင်နေမည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုများစွာနှင့် ပေါင်းစည်းတည်ထောင်ထားသည့် မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး အချင်းချင်းအပြန်အလှန် လေးစားမှုနှင့် လူ့ဂုဏ်သိက္ခာကို အလေးထားကာ အခွင့်အရေးနှင့် လိုက်နာဆောင်ရွက်ရမည့်တာဝန်များကို သိမြင်ကျင့်သုံးဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှန်းက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂက ရည်ညွှန်းဖော်ကျူးထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ၇၅ နှစ်ပြည့် မှတ်တမ်းဗီဒီယိုနှင့် ၂၀၂၃ ခုနှစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အဖြစ် နာဂတိုင်းရင်းသားဘာသာရှစ်မျိုးနှင့် ကချင် (လော်ဝေါ်) တိုင်းရင်းသားဘာသာများသို့ ဘာသာပြန်ဆိုသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းစာအုပ်များကို စတင်မိတ်ဆက်သည့်မှတ်တမ်းဗီဒီယိုကိုပြသသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို လက်ရောက်ပေးအပ်သည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "(၇၅)နှစ်မြောက် လူ့အခွင့်အရေးနေ့" ဂုဏ်ပြုတေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို လက်ရောက်ပေးအပ်စဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လားရှိုးမြို့သို့ သွားရောက်၍ ယာယီနေရပ်စွန့်ခွာသူတိုင်းရင်းသားပြည်သူများကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံခြင်း၊ အားပေးစကားပြောကြားခြင်းနှင့် ငွေကျပ်သိန်းငါးထောင်၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့လှူဒါန်းခဲ့မှု၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်၍ စစ်သည်များ၊ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို သွားရောက်ကြည့်ရှု၍ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခြင်းနှင့် ငွေကျပ်သိန်းငါးထောင် ထောက်ပံ့ပေးအပ်ခဲ့ပြီး စစ်သည်၊ ရဲမေများ၏ တင်ပြချက်များအပေါ် အားပေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများမှ သက်ဆိုင်ရာဆေးရုံများ၊ ယာယီနေရပ်စွန့်ခွာခိုလှုံနေရာများနှင့် ကျောင်းများသို့ သွားရောက်၍ အားပေးစကားပြောကြားပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဒီနေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ လားရှိုးမြို့ကို သွားရောက်ခဲ့ပါတယ်။ အဲဒီမှာ ယာယီတိုက်ပွဲရှောင်ပြည်သူများနဲ့ တွေ့ဆုံခဲ့ပါတယ်။အောက်တိုဘာ၂၇ ရက်က နေစပြီး MNDAA၊TNLA၊ AA နဲ့ PDF အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာရှိတဲ့ မြို့ရွာတွေကို တိုက်ခိုက်ခဲ့တာတွေ၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်အောင် လမ်း၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့တာတွေ၊မူဆယ်(၁၀၅)မိုင်မှာ ကားဝင်းကို တိုက်ခိုက်ခဲ့ပြီး ကျွန်တော်တို့ပြည်သူလူထုပိုင်ဆိုင်တဲ့ယာဉ်များ မီးလောင်ပျက်စီးခဲ့တာတွေရှိပါတယ်။လားရှိုးမြို့အနီးတစ်ဝိုက်နဲ့ သိန္နီမြို့က အိမ်ထောင်စု ၁၄၂၈ စု၊ လူဦးရေ ၅၀၀၀ ခန့် ယာယီတိုက်ပွဲရှောင်ပြုလုပ်နေရပါတယ်။ အဲဒီမှာရှိတဲ့ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေ၊ ခရစ်ယာန်ဘာသာရေးကျောင်းတွေ၊ ရုံးတွေ၊အဆောက်အအုံတွေမှာ ယာယီတိုက်ပွဲရှောင်အဖြစ် နေထိုင်နေရတာဖြစ်ပါတယ်။နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ငွေကျပ်သိန်း ငါးထောင် လှူဒါန်းခဲ့ပါတယ်။ အဝတ်အထည်တွေ၊ ဆန်တွေ၊ စားသောက်ဖွယ်ရာတွေ၊ လှူဖွယ်ရာတွေ ကျွန်တော်တို့လှူဒါန်းခဲ့ပါတယ်။ ဒီတိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံပြီး အားပေးစကားများ ပြောကြားခဲ့ပါတယ်။ မိမိဒေသကို ပြန်လည်ရောက်ရှိချိန်မှာလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုပူးပေါင်းပြီးဆောင်ရွက်ကြဖို့လည်း ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ခရီးစဉ်နဲ့အတူပါသွားတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးများအနေနဲ့လည်း သက်ဆိုင်ရာဆေးရုံတွေ၊ ယာယီတိုက်ပွဲရှောင်စခန်းနေရာတွေ၊ ကျောင်းတွေကို သွားရောက်ပြီး အားပေးစကားပြောကြားတာတွေ၊ သက်ဆိုင်ရာဖြည့်ဆည်းဆောင်ရွက်ပေးတာတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ပြောကြားချင်တာကတော့ တိုက်ပွဲတွေကြောင့် ပြည်သူလူထုဘယ်လောက်ထိ အတိဒုက္ခရောက်ရတယ်ဆိုတာကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ၊ တည်ငြိမ်မှုဘဝပျက်ယွင်းရတာတွေကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပါတယ်။ ဒီနေရာမှာ တိုက်ပွဲရှောင်ပြည်သူလူထုကို ကူညီစောင့်ရှောက်ပေးနေတဲ့ လူမှုရေးအသင်းအဖွဲ့တွေ၊ဘာသာရေးအသင်းအဖွဲ့တွေ၊လူမှုရေးခေါင်းဆောင်တွေ၊ဘာသာရေးခေါင်းဆောင်တွေ၊ ပရဟိတအဖွဲ့များကိုလည်း နိုင်ငံတော်၊တပ်မတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံးက အထူးကျေးဇူးတင်ရှိပါကြောင်း လေးလေးနက်နက်ပြောကြားလိုပါတယ်။ ဒီလိုသွားရောက်တဲ့ခရီးစဉ်မှာ နိုင်ငံတစ်ခုလုံးကို ခေါင်းဆောင်နေရတဲ့ ခေါင်းဆောင်ရဲ့စိတ်ဓာတ်၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို လူမျိုး၊ ဘာသာမခွဲခြားဘဲ စောင့်ရှောက်ပေးနေရတဲ့ နိုင်ငံတော်ခေါင်းဆောင်ရဲ့ ဖခင်သဖွယ်စိတ်ဓာတ်တွေကို အတိုင်းသားတွေ့မြင်နိုင်ပါတယ်။ တွေ့ဆုံခဲ့ရတဲ့ တိုက်ပွဲရှောင်ပြည်သူလူထုအနေနဲ့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရတာတွေ၊ အားတက်သရောဖြစ်ရတာတွေ၊ အားတက်သရောဆွေးနွေးတာတွေ၊ ကြိုဆိုတာတွေ၊ နှုတ်ဆက်တာတွေ တွေ့ရပါတယ်။ နိုင်ငံတစ်ဝန်းမှာ သဘာဝဘေးအန္တရာယ်ပဲဖြစ်သည်ဖြစ်စေ၊ အခုလိုလူတွေဖန်တီးတဲ့အတွက် ပြည်သူလူထုဒုက္ခရောက်ရတဲ့ လက်နက်စွဲကိုင်ပြီး အာဏာလိုချင်နေတဲ့၊ ကိုယ်ကျိုးစီးပွားတည်ဆောက်နေတဲ့ အဖွဲ့အစည်းတွေရဲ့ ကိုယ်ကျိုးရှာမှုတွေကြောင့်၊ လက်နက်ကိုင်ပဋိပက္ခများဖန်တီးမှုကြောင့် ပြည်သူလူထုဒုက္ခရောက်တိုင်းမှာ စောင့်ရှောက်ရတာက နိုင်ငံတော်အစိုးရ၊ တပ်မတော်ပဲဖြစ်ပါတယ်။ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးကလည်းသိနေပြီး လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

ဒီနေ့မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ နမ့်ခမ်းမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ တာမိုးညဲဘက်မှာရှိပါတယ်။ လောက်ကိုင်မှာတော့ မြို့ရဲ့ တောင်ဘက်နေရာမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။လွိုင်ကော်မှာတော့ KNPP၊ PDF အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့လွိုင်ကော်ဈေးကို အတင်းဝင်ရောက်ပြီး ပစ္စည်းတွေလုယက်တာတွေ၊ လူမနေတဲ့ဆိုင်ခန်းတွေမှာ ဝင်ရောက်နေရာယူတာတွေ၊ မီးရှို့ဖျက်ဆီးခဲ့တာတွေ လုပ်ခဲ့ပါတယ်။ လွိုင်ကော်ပြည်နယ်ရဲရုံးဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေဆဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ နန်းဘူးမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ လားရှိုးမှာရှိတဲ့စစ်ဆေးရုံကို သွားရောက်ပြီးတော့ စစ်သည်များ၊ မိသားစုဝင်များရဲ့ကျန်းမာရေးအခြေအနေကို သွားရောက်ကြည့်ရှုအားပေးခဲ့ပါတယ်။ စစ်သည်များ၊ မိသားစုဝင်များနဲ့တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်တာတွေ၊ အားပေးစကားပြောကြားတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ငွေကျပ်သိန်းငါးထောင်ထောက်ပံ့ပေးအပ်ခဲ့ပြီး စစ်သည်၊ရဲမေတွေရဲ့ တင်ပြချက်တွေ၊ အခက်အခဲတွေအပေါ် အားပေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ စစ်သည်၊ ရဲမေတွေက နိုင်ငံတော်နဲ့တပ်မတော်က အားကိုးအားထားပြုရတဲ့ စစ်သည်၊ရဲမေများပဲဖြစ်ပါတယ်။ သူတို့ရဲ့ နိုင်ငံတော်အကြီးအကဲ တပ်မတော်အကြီးအကဲအပေါ်မှာထားရှိတဲ့ အားကိုးအားထားပြုမှုကိုလည်း အတိုင်းသားတွေ့မြင်ခဲ့ရပါတယ်။ ဒါ့ပြင် နိုင်ငံတော်နဲ့ တပ်မတော်အကြီးအကဲ၊ နိုင်ငံ့ခေါင်းဆောင်များနဲ့ တပ်မတော်ခေါင်းဆောင်များအနေနဲ့လည်း တပ်မှူးကောင်းစိတ်ဓာတ် Commender Spirit နဲ့ ဖခင်သဖွယ်စိတ်ဓာတ် Fatherly Spirit တို့ကို ပြသနိုင်ခဲ့ပါတယ်။တိုက်ပွဲဖြစ်ပွားရာဒေသနဲ့ အနီးစပ်ဆုံးဒေသတွေထိ သွားရောက်ပြီး အားပေးတာတွေ၊စောင့်ရှောက်တာတွေဆောင်ရွက်ခဲ့ပါတယ်။ ရဲဘော်စိတ်ဆိုတာ ရဲဘော်အချင်းချင်းအပေါ်မှာထားရှိတဲ့ မေတ္တာတရား၊ သံယောဇဉ်တရားနဲ့ သစ္စာစောင့်သိမှုတရားတွေပဲဖြစ်ပါတယ်။ ဒီရဲဘော်စိတ်နဲ့ပဲ တပ်မတော်က မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းသောင်းကျန်းမှုကနေ လွတ်မြောက်အောင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ဒီနေ့မှာ ဒီရဲဘော်စိတ်နဲ့ပဲ နိုင်ငံ့ခေါင်းဆောင် တပ်မတော်ခေါင်းဆောင်များက ရှေ့တန်းစစ်မျက်နှာနဲ့ အနီးဆုံးနေရာထိ သွားရောက်ပြီး အားပေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တွေ့ခဲ့ရတဲ့ စစ်သည်၊ ရဲမေများအနေနဲ့လည်း ဒီရဲဘော်စိတ်နဲ့ပဲ နိုင်ငံ့ခေါင်းဆောင် တပ်မတော်ခေါင်းဆောင်တွေအပေါ်မှာ အားကိုးအားထားပြုခဲ့တာဖြစ်ပါတယ်။ဒါကြောင့် ကျွန်တော်တို့တပ်မတော်အနေနဲ့ ဒီရဲဘော်စိတ်နဲ့ပဲ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်ကို ခိုင်ခိုင်မာမာကာကွယ်သွားမယ်ဆိုတာ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

➤ ➤ ➤


# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။





စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းထားသော ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာကို တွေ့ရစဉ်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်း သံဃာများနှင့်ပြည်သူများက ရေးသားပေး ပို့သည့် "ရှေ့တန်းရောက်တပ်မတော်သား အားလုံးတိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ရေလို အေးပြီး ပန်းလိုမွှေးပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့်ဆုတောင်းမေတ္တာ စာလွှာများပါရှိကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အပါအဝင် တရုတ်နိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရေး ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၈)ကြိမ်မြောက်မဲခေါင်-လန်ချန်းနိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး မစ္စတာရှီယွီကန်းတို့သည် ယမန်နေ့ညနေပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ဟိုင်ကန်ဥယျာဉ်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် အစဉ်အလာအရတည်ရှိပြီးဖြစ်သည့် မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကိုပိုမိုခိုင်မာစေရေးမြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အပါအဝင် တရုတ်နိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရေးနှင့်နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဘက်ပိုမိုထိရောက်စွာပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ညနေပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးသည် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဟိုင်ကန်ဥယျာဉ်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် (၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## "ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်ပြည့်" အထူးထုတ် ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ်ထုတ်ဝေမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**




ငယ်မည် "မောင်မောက်"အမည်ရ အင်းဝခေတ်စာဆိုအကျော် "ရှင်မဟာရဋ္ဌသာရ"သည် မြန်မာသက္ကရာဇ် ၈၃၀ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၄၆၈ ခုနှစ်တွင် ဖွားမြင်ခဲ့ရာ ယခုနှစ် ၂၀၂၃ ခုနှစ်တွင် ၅၅၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အင်းဝခေတ်၌ ပျို့၊ ကဗျာ၊ အလင်္ကာ၊ မော်ကွန်း၊ ရတု၊ ဆုံးမစာစသည့် စာပေအမျိုးအစားပေါင်းစုံကို ရေးသားဖွဲ့ဆိုခဲ့သော မြန်မာစာပေကို ထွန်းတောက်စေခဲ့သည့် အင်းဝခေတ် "ပေလေးပင်ရှင်လေးပါး"ဝင် ရဟန်းစာဆိုအကျော် "ရှင်မဟာရဋ္ဌသာရ"အား ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် "ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်ပြည့်" အထူးထုတ် ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ဒီဇင်ဘာ ၁၃ ရက် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ရန်ကုန်စာတိုက်ကြီး၊မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် ထုတ်ဝေရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် ဗုဒ္ဓဟူးနေ့တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ် လားရှိုးမြို့ တိုက်ပွဲရှောင်စုရပ်များသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သွားရောက်ကြည့်ရှုအားပေး

**လားရှိုး ဒီဇင်ဘာ ၁၀**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ လားရှိုးမြို့သို့ ခေတ္တတိမ်းရှောင်ရောက်ရှိနေထိုင်လျက်ရှိသည့် တိုက်ပွဲရှောင်စုရပ်များသို့သွားရောက်၍ ထောက်ပံ့ငွေနှင့် လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ကာ ဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လားရှိုးမြို့ အမှတ်(၁၂) လားရှိုးကြီးရပ်ကွက် ကမ်မိန်းဘုန်းကြီးကျောင်းသို့ရောက်ရှိပြီး ဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၀၊ ဆန်ရိက္ခာဖိုးငွေကျပ် ၂၆၅၅၀၀၀ နှင့် နိုင်ငံတော်အကြီးအကဲမှ ပေးအပ်သော စားသောက်ဖွယ်ရာ၊ အဝတ်အထည်များထောက်ပံ့၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် အမှတ်(၈) အောင်သီတာရပ်ကွက် ရွှေပြည်အေးဓမ္မရိပ်သာတိုက်ပွဲရှောင်စုရပ်သို့သွားရောက်ပြီး ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၀၊ ဆန်ရိက္ခာဖိုးငွေကျပ် ၂၄၄၈၀၀၀ နှင့်နိုင်ငံတော်အကြီးအကဲမှထောက်ပံ့သော အစားအစာ၊ အဝတ်အထည်များပေးအပ်ပြီး တိုက်ပွဲရှောင်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် အမှတ်(၄) အာရုံတော်ရပ်ကွက် ပန်အုပ်ကျောင်းရှိ တိုက်ပွဲရှောင်စခန်းသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၀၊ ဆန်ရိက္ခာဖိုးငွေကျပ် ၇၂၉၀၀၀၊ အဝတ်အထည်၊ စားသောက်ဖွယ်ရာတို့ကို ထောက်ပံ့ရာတိုက်ပွဲရှောင်ပြည်သူများက လက်ခံရယူကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် အမှတ်(၁၂) လားရှိုးကြီးရပ်ကွက် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းသို့သွားရောက်ကာ ဆန်ရိက္ခာဖိုးငွေကျပ် ၆၆၉၆၀၀၀၊ ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၀နှင့် အဝတ်အထည်၊စားသောက်ဖွယ်ရာများထောက်ပံ့ပြီး တိုက်ပွဲရှောင်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ရိက္ခာဖိုးငွေများကိုထောက်ပံ့ပေးခဲ့ရာ ယနေ့ထောက်ပံ့ပေးခဲ့သောအိမ်ထောင်စု ၃၈၇ စု၊ လူဦးရေ ၁၃၉၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးစုစုပေါင်းမှာ ငွေကျပ် ၁၂၅ ဒသမ ၂၈ သိန်းဖြစ်ပြီး လားရှိုးမြို့ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့မှု စုစုပေါင်းမှာ ငွေကျပ် ၇၇၁ ဒသမ ၇၅ သိန်းရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လားရှိုးတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများသို့သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ဆရာမများ၊ ခရိုင်၊မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများနှင့် တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် လားရှိုးတက္ကသိုလ်သို့ရောက်ရှိပြီး အဆိုပါတက္ကသိုလ်ခန်းမ၌ လားရှိုးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဌေးအောင်၊ဒုတိယပါမောက္ခချုပ်၊ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လားရှိုးတက္ကသိုလ်သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊စီမံရေးဆိုင်ရာကိစ္စရပ်များအရည်အသွေးတိုးတက်ကောင်းမွန်ရေးကြိုးပမ်းဆောင်ရွက်နေကြသည့် ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံးကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တတ်စွမ်းသမျှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဆရာ၊ဆရာမများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်အလိုက် မိမိတို့အရည်အသွေးမြှင့်မားစေရေးအတွက် အမြဲမပြတ်ကြိုးစားလေ့လာဆောင်ရွက်နေကြစေလိုပါကြောင်း၊ သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေကြစေလိုပါကြောင်း၊ဇန်နဝါရီလတွင် နေပြည်တော်၌ ကျင်းပမည့်သုတေသနစာတမ်းဖတ်ပွဲတွင် မိမိတို့တက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် သုတေသနစာတမ်းများပါဝင်ဖတ်ကြား ဆောင်ရွက်စေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်စာကြည့်တိုက်နှင့် သက်ဆိုင်ရာဌာနအလိုက် ဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းများနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လက်ဆောင်ပစ္စည်းများပေးအပ်ရာ လားရှိုးတက္ကသိုလ်ပါမောက္ခချုပ်က လက်ခံရယူသည်။ တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဆရာ၊ဆရာမများ၊ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး အဆိုပါကျောင်းခန်းမ၌ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများကို တွေ့ဆုံ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ

**လားရှိုး ဒီဇင်ဘာ ၁၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့တွင် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး)သို့ ရောက်ရှိရာ နည်းပညာတက္ကသိုလ်၊ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နည်းပညာတက္ကသိုလ်(လားရှိုး)၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး)တို့၏ ပါမောက္ခချုပ်၊ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့မှ တက္ကသိုလ်နှင့် ကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဒေသခံကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှုအခွင့်အလမ်းများမဆုံးရှုံးစေရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးနှင့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လားရှိုးမြို့)ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည်တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သည့် စားသောက်ဖွယ်ရာများနှင့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ဆေးရုံဝန်ထမ်းများ၊ ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အခက်အခဲများကြားမှ ဆေးရုံလုပ်ငန်းများကောင်းမွန်စွာလည်ပတ်စေရန် ဆောင်ရွက်ပေးနေကြသော ဝန်ထမ်းတစ်ဦးချင်းစီကို ပြည်သူလူထုနှင့် ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ထောက်ပံ့ပေးထားသည့်ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများကို စနစ်တကျအကျိုးရှိရှိ အသုံးပြုကြရန်၊ ထပ်မံလိုအပ်ချက်ရှိပါက တင်ပြရန်၊ ဌာနပိုင်ပစ္စည်းများဆုံးရှုံးမှုမရှိစေရေးကြပ်မတ်ဆောင်ရွက်ကြရန်၊ တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်စွမ်းအားပြည့်ရရှိစေပြီး လူနာများအတွက်အကောင်းဆုံးကြိုးစားဆောင်ရွက်ပေးကြရန်၊ လူနာများစိတ်ချမ်းသာစွာဖြင့် ကုသမှုခံယူနိုင်ကာ ပြည်သူအားကိုးရသည့်ဆေးရုံကြီးဖြစ်စေရေးဆောင်ရွက်ကြရန်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများစဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန်၊ လားရှိုးမြို့သို့ ခေတ္တတိမ်းရှောင်ရောက်ရှိနေသော စုရပ်များ(IDP camps)၌လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို စံချိန်စံညွှန်းကောင်းမွန်စေရေးလုပ်ငန်းလမ်းညွှန်များနှင့်အညီဆောင်ရွက်ပေးရန်၊ ကလေးငယ်များကိုလိုအပ်သည့် ကာကွယ်ဆေးများထိုးနှံပေးရန်၊ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း အချိန်အဟုန်မပျက်ဆောင်ရွက်ပေးရန်နှင့်အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုစနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး ဆေးကုသဆောင်၌ကုသမှုခံယူလျက်ရှိသည့်လူနာများကို တွေ့ဆုံအားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (လားရှိုးမြို့)သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမများနှင့်သင်တန်းသားသင်တန်းသူများနှင့်တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သည့်စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများကို ပေးအပ်၍ လုံခြုံရေးအသိဖြင့်ဌာနလုပ်ငန်းများ၊သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ နောက်ဆုံးနှစ်စာမေးပွဲများဖြေဆိုမည့်ကာလဖြစ်သဖြင့် အဆင်ပြေစွာဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်မှာကြားပြီး သင်တန်းသားများနေထိုင်စားသောက်ရေးနှင့်သင်ကြားရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်





ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရုံး၊ဌာနများ၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပပြုလုပ်ကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့်တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌လည်းကောင်း၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဘားအံတပ်နယ်၏စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက်စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်းနှင့်တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရုံး၊ဌာနများ၏ ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူး ရုံးစခန်းမှူးနှင့်ရုံး၊ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# လှိုင်ကော်မြို့ရှိ သီရိမင်္ဂလာဈေးကို တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တစ်ဈေးလုံးမီးလောင်ခဲ့သည်ဟု မဟုတ်မမှန်သတင်းအမှားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ သီရိမင်္ဂလာဈေးအတွင်းသို့ ယနေ့နံနက်ပိုင်းတွင် တပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဈေးတစ်ခုလုံးမီးလောင်ဆုံးရှုံးခဲ့ရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများကိုလူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ လှိုင်ကော်မြို့ရှိတာဝန်ရှိသူများထံဆက်သွယ်မေးမြန်းမှုနှင့်ဒေသခံပြည်သူများ၏သတင်းပေးပို့မှုအရ ယနေ့နံနက် ၁ နာရီခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများက သီရိမင်္ဂလာဈေးကို Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ဈေးတစ်ခုလုံးမီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ တပ်မတော်အနေဖြင့် ပြည်သူလူထု နေထိုင်ရာနေရာများသို့ မည်သည့်အခါမျှ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းမရှိခဲ့ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကြမ်းဖက်သောင်းကျန်းသူများရန်မှအစဉ်တစိုက်ကာကွယ်ပေးလျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ပျက်စီးစေရန် လုပ်ဆောင်လျက်ရှိကြောင်း၊ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိဖြင့် လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးကို မီးလောင်ပျက်စီးစေရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ ဒေသခံပြည်သူများမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်၊ပြည်သူနှင့်တပ်မတော်ပူးပေါင်း၍ အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးဆောင်ရွက်နေမှုကို ထိခိုက်စေရန်အတွက် တပ်မတော်မှပစ်ခတ်သော လက်နက်ကြီးကျည်ကြောင့် မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းမှားများကိုဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။







# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။


ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thet Khine "Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာနေ သက်ခိုင်အား ည ၁၁ နာရီ ၂၅ မိနစ်တွင် ကျည်တောင်ကန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အမောင်ခွင်း၏ အလင်းဆောင်စေသား

အောင်သွေး(မြစ်သား)




(၁)

ထင်းရှူးတောတန်းကြီးကို ဖြတ်ကျော်လာသော လေပြည်လေးများက တောပန်းရနံ့များနှင့်အတူ ဆရာဖြိုးမောင်ကို နှုတ်ဆက်သယောင်။ တောင်ပေါ်ဒေသ၏ သန့်ရှင်းလတ်ဆတ်သော လေနုအေးအေးကို ဆရာဖြိုးမောင် အားပါးတရရှူရှိုက်လိုက်သည်။ ရှမ်းပြည်နယ်အနံ့ စေလိုရာစေတင်ခဲ့သော မိမိကိုယ်မိမိလည်း မှန်သည်ဟုထောက်ခံလိုက်သည်။ "ဆရာဆိုတာ စေတနာ၊ ဝါသနာ၊ အနစ်နာအပြင် စံနမူနာကောင်းဖြစ်ဖို့လဲ လိုတယ်ကွ။ တပည့်တွေရဲ့ရှေ့၊ ရပ်ရွာရဲ့ရှေ့မှာ စံနမူနာကောင်းဖြစ်မှ ဆရာပီသမယ်"ဟုကောလိပ်တက်တုန်းက ဆုံးမစကားပြောခဲ့သော မြန်မာစာဆရာကြီး၏စကားကို နားထဲမှာပြန်ကြားယောင်နေဆဲ။

"ဆရာ ရှေ့မှာ ကျောင်းရောက်ပြီ"

"ဟုတ်ကဲ့ပါ ဦးစိုင်းလုံ"

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းလုံ သတိပေးတော့မှ ဆရာဖြိုးမောင် အတွေးစပြတ်သွားသည်။ မိမိတာဝန်ထမ်းဆောင်ရမည့်ကျောင်းဆိုသော အသိကြောင့် ဆရာဖြိုးမောင် ရင်ခုန်မိတာအမှန်။ ကျောင်းဝင်းတံခါးအဖြစ် ကာရံထားသော ဝါးလုံးများကို ဦးစိုင်းလုံက ဆွဲဖြုတ်လိုက်သည်။ တောင်ပေါ်ကျောင်းလေးဖြစ်သည့်အတွက် ကျောင်းဝင်းကသိပ်မကျယ်ပေ။ မူလတန်း(လွန်) နောင်ခမ်းဆိုသော ကျောင်းဆိုင်းဘုတ်လေးက နှစ်ပရိစ္ဆေဒကြာမြင့်သည်ထင်။ ဟောင်းနွမ်းပြီးသံမှိုများကြွနေသည်။ ကျောင်းဆောင်က ဝါးဆောင်တစ်ဆောင်နှင့် သစ်သားဆောင်တစ်ဆောင်သာရှိသည်။ သစ်သားဆောင်ဘက်ရောက်တော့ သတ္တမတန်းရှေ့တွင် "မူးယစ်ကင်းစင်၊ ကျောင်းတော်တစ်ခွင်" ဆိုသော ဆိုင်းဘုတ်လေးကို ဆရာဖြိုးမောင်မော့ကြည့်လိုက်သည်။ ဆိုင်းဘုတ်က အရောင်အဆင်းမရှိတော့ဘဲ ဖတ်ရရုံသာကျန်တော့သည်။ ထို့နောက် ဝရန်တာပေါ်တွင် တင်ထားသော ဆေးလိပ်တိုများကို ဆရာဖြိုးမောင် ယူကြည့်ရင်း-

"ဦးစိုင်းလုံ ကျောင်းသားတွေ ဆေးလိပ်သောက်ကြသလားဗျ"

"ဩော်. . . ဒီဆေးလိပ်တိုတွေလား ဆရာ။ ရွာထဲက ကောင်ကလေးတွေ ကျောင်းထဲကို ခြင်းလာခတ်ရင်း ကျန်ခဲ့တာဖြစ်မယ်"

ဦးစိုင်းလုံက ရှမ်းသံဝဲဝဲဖြင့်ပြောလေသည်။

"ဆရာ့ကို ရောက်ရောက်ချင်းပြောရအုံးမယ်"

"ပြောလေ ဦးစိုင်းလုံ"

"ဒီလိုပါ ဆရာ။ ရွာကယောက်ျားသား တော်တော်များများ ဆေးစွဲနေကြတာပဲ။ အလုပ်လဲ ကောင်းကောင်းမလုပ်ကြဘူး။ ကျန်းမာရေး၊ ပညာရေး မကောင်းတော့ဘူးလေ။ ရွာအတွက်သိပ်စိုးရိမ်တာပဲ။ မြေပြန့်ကလာတဲ့ ဆရာ၊ ဆရာမတွေဆို ရွာမှာမပျော်ကြဘူးထင်ပါတယ်။ တစ်နှစ်ပြည့်ရင်ပြောင်းသွားကြတာပဲ။ ဆရာလဲ မကြာခင် ပြောင်းမှာပဲ"

ဦးစိုင်းလုံအသံက တိမ်ဝင်သွားပြီး အားငယ်သံစွက်လာသည်။

"ဦးစိုင်းလုံကို ရဲရဲကြီး ကတိပေးပါတယ်။ ဦးစိုင်းလုံရဲ့ရွာ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသရွေ့ ကျွန်တော်ဘယ်မှ မပြောင်းပါဘူး။ ဒီရွာလေးကို ခြေချလိုက်ကတည်းက ကျွန်တော့်ရွာ၊ ကျွန်တော့်ကျောင်းလို့ ခံယူပြီးသားပါ။ ကျွန်တော်နဲ့ ဦးလေးတို့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ လက်တွဲကြတာပေါ့ဗျာ"ဟု ဆရာဖြိုးမောင်က အားကြိုးမာန်တက်ပြောလိုက်သည်။

"တကယ်ပြောတာလား ဆရာ။ ပျော်တယ်ဝေ့ ဆရာ့ဘက်က လိုအပ်တဲ့အကူအညီရှိရင်ပြော။ ကူညီဖို့အသင့်ပဲ"

ဦးစိုင်းလုံ၏အသံတက်ကြွလာသည်။ ထို့အတူ ရိုးသားသောအပြုံးများကလည်း ဝင်းလက်လို့။ မြို့နှင့်အလှမ်းဝေးသော နောင်ခမ်းရွာလေးသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲလှသည်။ တောင်ကြီး-လားရှိုးကတ္တရာလမ်းမှ နှစ်မိုင်ခွဲခန့် တောင်ကြားလမ်းအတိုင်း ဝင်ရသည်။ မိုးကြီးလျှင် ဆိုင်ကယ်ပင်စီးမရပေ။ ကျန်းမာရေးအတွက်ကတော့ အုပ်စုရွာဖြစ်သော နားလုံကျေးလက်ဆေးခန်းကိုသာ အားကိုးရသည်။ မည်သို့ပင်အခက်အခဲများကြုံပါစေ ဆရာဖြိုးမောင်ကတော့ မိမိရည်မှန်းချက်များကိုအပျက်မခံပေ။ ကျောင်းအုပ်မရှိသည့်အတွက် ဆရာဖြိုးမောင်ကို တာဝန်ခံကျောင်းအုပ်အဖြစ်ဆောင်ရွက်ပေးရန် မြို့နယ်ပညာရေးမှူးက မှာလိုက်သည်။ နောင်ခမ်းရွာလေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စိတ်ကူးထဲတွင် ချရေးရင်း ဆရာဖြိုးမောင်ပီတိဖြာပြီး ပြုံးလိုက်မိသည်။

(၂)

"မင်္ဂလာပါ သားတို့ သမီးတို့ရေ"

"မင်္ဂလာပါ ဆရာကြီး"

နံနက်ခင်း၏အလှတရားတို့နှင့်အတူ နောင်ခမ်းကျောင်းလေး၏ နေ့သစ်ကား စတင်ခဲ့ပြီ။ ကျောင်းစုဝေးခန်းမတွင် ဆရာနှင့်တပည့်တို့အပြန်အလှန်နှုတ်ဆက်သံက ကြားရသူတိုင်းအတွက် ကြည်နူးချမ်းမြေ့စရာ။ ကျောင်းဖွင့်စမို့ ကလေးများ၏ အဖြူအစိမ်းများက သစ်လွင်တောက်ပနေသကဲ့သို့ ကျောင်းအဝင် စံပယ်ပန်းတို့ကလည်း အစွမ်းကုန်သင်းပျံ့နေတော့သည်။

ရွာရှိလူအတော်များများ ဗမာစကားကိုအတော်အသင့်ပြောတတ်ဆိုတတ်ကြသည်။ အားလပ်ချိန်တွင် ရွာသူရွာသားများနှင့်စကားစမြည်ပြောပြီး စည်းရုံးရေးဆင်းရသည်။ ညနေတွင်ကျောင်းထဲကို ခြင်းလာခတ်သော လူငယ်များနှင့် ရင်းနှီးမှုရှိစေရန် ဆရာဖြိုးမောင် ခြင်းဝင်ခတ်ရင်း အိုက်နော်၊ အိုက်မောင်းတို့နှင့် ရင်းနှီးလာသည်။

"ကျွန်တော်တို့က ဘောလုံးကိုပိုကစားချင်တယ်လေ"

ဆေးလိပ်ကိုအားရပါးရဖွာရင်း အိုက်မောင်းက ပြောလေသည်။ ထို့နောက် လွယ်အိတ်ထဲက ဆေးမှုန့်ထုပ်လေးကိုထုတ်ပြီး ဆေးလိပ်အတိုထဲ ထည့်ပြန်သည်။ အိုက်မောင်းပုံစံက လုပ်နေကျမို့ ယဉ်ပါးနေသည့်ပုံပင်။

"အိုက်မောင်းတို့ ဘောလုံးကန်ချင်ရင် ဆရာကူညီမယ်လေ"

ဆရာဖြိုးမောင်စကားကြောင့် အိုက်မောင်းတို့ မော့ကြည့်လာသည်။ ထို့နောက်-

"မဖြစ်နိုင်ပါဘူး ဆရာရယ် နေရာမရှိဘူးလေ"

"အဲဒါတွေ ဆရာ့တာဝန်ထားပါ။ လိုအပ်တဲ့ လုပ်အားအကူအညီတော့ အိုက်မောင်းတို့ လူငယ်အဖွဲ့ပေးရမယ်နော်"

"အဲဒီအတွက်တော့ မပူပါနဲ့ဆရာလေး တာဝန်ကျေရပါစေမယ်"

အိုက်မောင်းတို့နှင့် အပေးအယူလုပ်ပြီးချိန်မှာတော့ အကောင်အထည်ဖော်ရမည့် အနာဂတ်စီမံကိန်းတချို့ကို ဆရာဖြိုးမောင်ရေးဆွဲနေသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မူးယစ်နွံထဲမှာ ရုန်းမရအောင် နစ်နေသော အိုက်မောင်းတို့လိုလူငယ်များ ကမ္ဘာပေါ်မှာမည်မျှရှိနေသည်မသိဟုတွေးရင်း ဆရာဖြိုးမောင် သက်ပြင်းအကြိမ်ကြိမ်ချမိတော့သည်။

(၃)

"ဝမ်းသာလိုက်တာ ဦးစိုင်းလုံရယ်။ ကျွန်တော်တို့ ရည်မှန်းချက်တွေ အောင်မြင်ဖို့ ပထမခြေလှမ်းပေါ့ဗျာ"

ဆရာဖြိုးမောင်က ဝမ်းသာအားရပြောလေသည်။

"ကျွန်တော် ပြောထားတာပဲ ဆရာလိုတဲ့ အကူအညီသာ ပြောလို့"

ဦးစိုင်းလုံအသံက အားတက်စရာ။ အိုက်မောင်းတို့ကို ကတိပေးခဲ့သောစကားကို ဆရာဖြိုးမောင် အကောင်အထည်ဖော်နိုင်ခဲ့ပြီ။ ရွာအရှေ့ဘက်တွင် တောထနေသောဘောလုံးကွင်းမြေနေရာကို ရှင်းရန် ကျောင်းကော်မတီဝင် လုံးခမ်းက သူ၏ထွန်စက်ဖြင့် အခမဲ့ကူညီသည်။ အိုက်မောင်းတို့လူငယ်အဖွဲ့ကလည်း တောခုတ်သူခုတ်၊ သစ်မြစ်တူးသူတူးနှင့် တက်ညီလက်ညီ လုပ်အားပေးကြသည်။ ပြီးခဲ့သည့်တစ်ပတ်က မြို့ပေါ်သွားရင်း အား/ကာဦးစီးမှူးဆီက အလှူခံလာသော ဘောလုံးနှစ်လုံးကို ဆရာဖြိုးမောင် မြှောက်ကြည့်လိုက်သည်။

"ကျွန်တော်က လူငယ်တွေကို မူးယစ်ဆေးဝါးအစား အားကစားနဲ့ အပြည့်အဝအစားထိုးပေးပြီး သူတို့ဘဝကို မြှင့်တင်ပေးချင်တာဗျ"

ဆရာဖြိုးမောင်က သူ၏စိတ်ကူးကိုပြောပြသည်။

"ဆရာ့ရဲ့အကြံကောင်းတာပဲ ဟိုတစ်နေ့က ဆရာလဲကြားမှာပဲ။ ရွာအရှေ့ပိုင်းက လုံးစံသေသွားတယ်လေ။ သေမှာပဲ သူကဆေးလွန်တာကိုး"

လုံးခမ်းက စိတ်မကောင်းစွာပြောသည်။ မှန်ပေသည်။ မကြာခင်က လုံးစံသေသွားသည်။ လုံးစံကိုကြည့်ပြီး ဆေးစွဲသူတချို့ လန့်ကြပေမဲ့ ပိုးဖလံမျိုးမီးကိုတိုးဆိုသလို ရှေ့ဆက်မြဲပင်။ လုံးခမ်းကသတိတရအစဖော်တော့ ဆရာဖြိုးမောင် စိတ်မကောင်းဖြစ်မိသည်။ အဘယ်ကြောင့်ဆိုသော် လုံးစံတွင် အရွယ်မရောက်သေးသော ကလေးနှစ်ယောက်ကျန်ခဲ့သည် မဟုတ်ပါလား။ မူးယစ်ဆေးဝါးသည် သုံးစွဲသူတစ်ဦးတည်းကိုသာ ဒုက္ခရောက်သည်မဟုတ်။ သူနှင့်ဆက်နွယ်သူ မိသားစုကိုပါ စိတ်ဆင်းရဲ ဒုက္ခရောက်ရကြောင်း လုံးစံအဖြစ်က သက်သေပြခဲ့ပြီ။

(၄)

သည်နေ့ကျင်းပသည့် မိဘဆရာအစည်းအဝေးက နောင်ခမ်းကျောင်းသက်တမ်းတစ်လျှောက် လူအများဆုံးဟု ဆိုရပေမည်။ ရွာထဲကို လှည့်လည်စည်းရုံးရသည့် ဆရာဖြိုးမောင်အတွက် ပင်ပန်းရကျိုးနပ်ပေသည်။ ဘောလုံးပွဲနှင့်ပတ်သက်၍ ဆွေးနွေးမည်ဆိုသောကြောင့်လည်း လူငယ်များ အစုံအလင်တက်ရောက်လာသည်။

ထို့ပြင် ဆေးပေးခန်းက ဆရာမလေး နန်းကြာညိုတို့အဖွဲ့ကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးရန်လည်း ဆရာဖြိုးမောင်နှင့် ဆရာမလေး နန်းကြာညိုတို့ တိုင်ပင်ထားကြသည်။ ရှမ်း ဗမာ သွေးနှောထားသော ဆရာမလေးမျက်နှာက ကြည်လင်ဝင်းပပြီး မျက်တောင်လေးများက ကော့စင်းနေသည်။ ရှမ်းသံဝဲဝဲနှင့်ပြောသော စကားလုံးများကလည်း တစ်မျိုးချစ်စရာကောင်းနေသည်။ ဆရာမလေးကို အသေအချာစိုက်ကြည့်ပြီးမှ မလုံမလဲဖြစ်ကာ ဆရာဖြိုးမောင် အားတုံ့အားနာဖြစ်သွားသည်။ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ဆရာဖြိုးမောင်နှင့် ဆရာမလေး နန်းကြာညိုတို့က ရှမ်းလိုတစ်လှည့် ဗမာလိုတစ်မျိုးရှင်းပြကြသည်။ ထို့နောက် ကျေးရွာဘောလုံးအသင်းဖွဲ့ရန် တိုင်ပင်ကြရာတွင်လည်း လူငယ်များက စိတ်အားထက်သန်စွာ ဆွေးနွေးကြသည်။ ဆရာဖြိုးမောင်သည် လူငယ်များဆီက မူးယစ်ဆေးကို ဖြတ်ပါမည်ဟူသော ကတိကို တောင်းရသည်။

"ဆရာ ကျွန်တော်တို့ ဘယ်လိုဖြတ်မလဲကြာပြီလေ"

အိုက်နော်က စိတ်ညစ်ညူးစွာပြောလေသည်။

"အဲဒါတွေဖြတ်မှ မင်းတို့အမောခံပြီး ဘောလုံးကန်နိုင်မှာပေါ့ကွ။ မင်းတို့အသင်းက မြို့နယ် အားကစားပြိုင်ပွဲမှာ ဝင်ပြိုင်မှာကွ။ မင်းတို့ စသုံးတုန်းကလဲ ဖြည်းဖြည်းချင်းစခဲ့တာမလား"

အားလုံးခေါင်းညိတ်ကြသည်။

"အဲတော့ အခုလဲ ဖြည်းဖြည်းချင်းဖြတ်ပေါ့ကွာ"

အိုက်နော်တို့တစ်ယောက်ကို တစ်ယောက်ကြည့်နေကြသည်။ အစည်းအဝေးကို ဆရာဖြိုးမောင်နှင့် ဦးစိုင်းလုံတို့ ကျေနပ်အားရမိသည်မှာအမှန်။ ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပြီး ပြန်ရန်ပြင်နေသော ဆရာမလေး နန်းကြာညိုတို့အဖွဲ့ကို

စာမျက်နှာ ၂၅ သို့ ➤

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၇၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၇၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၆၇၇၂ ဧကကို ယခုနှစ် ဒီဇင်ဘာလတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါနေကြာများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်အဖွဲ့များက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် နေကြာ ၆၇၇၂ ဧက စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးမဲ့နေကြာတွေ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဌာနက ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ နေကြာက မြေအမျိုးအစားပေါ်မူတည်ပြီး အထွက်နှုန်းတွေ မတူညီတဲ့အခြေအနေတွေရှိပါတယ်။ ဒါကြောင့် အထွက်နှုန်းနည်းတဲ့ မြေယာတွေကို အထွက်နှုန်းပိုအောင်လုပ်ဖို့ ခရိုင်နဲ့မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်မှာပါ"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

ဆရာဖြိုးမောင် ကျောင်းပေါက်ဝထိလိုက်ပို့သည်။ ကျေးဇူးတင်ပါတယ် ဆိုသော စကားမှလွဲ၍ ဆရာဖြိုးမောင် ဘာပြောရမှန်းမသိ။ ဆရာမလေးနှင့် အကြည့်ချင်းဆုံသည့်အခါ ရင်ပိုသလိုဖြစ်ပြီး ခြေဖျားလက်ဖျားများ အေးစက်သွားသလားထင်ရသည်။ ထိုအချိန်တွင် နောက်မှာကျန်ရစ်ခဲ့သော ဦးစိုင်းလုံက-

"ဆရာမလေး ကျွန်တော်တို့ဆရာရဲ့ကျန်းမာရေးလဲ စစ်ပေးသွားအုံးလေ။ နှလုံးခုန်မြန်နေသလားလို့"

"ဟာ ဦးစိုင်းလုံကြီးကလဲ။ ဘာတွေပြောမှန်းမသိဘူး"

ဆရာမလေး နန်းကြာညိုသည် ရှက်ရှက်နှင့်ပြောကာ သူ့အဖော်များကိုပင် မစောင့်တော့ဘဲ မပြေးရုံတစ်မည်ထွက်သွားတော့သည်။ ဆရာဖြိုးမောင်လည်း မျက်နှာပူပူနှင့်ကျောင်းထဲဝင်ခဲ့တော့သည်။

(၅)

နောင်ခမ်းရွာလူငယ်ဘောလုံးအသင်းဖွဲ့ပြီးနောက် နည်းပြအဖြစ် ဆရာဖြိုးမောင်ပင် တာဝန်ယူလိုက်ရသည်။ ညနေတိုင်း လေ့ကျင့်ခန်းဆင်းနေသော လူငယ်များကိုမြင်ရသည့်အခါ ဦးစိုင်းလုံက အားရကျေနပ်ကြောင်း တဖွဖွပြောလေသည်။ မြို့နယ်ပြိုင်ပွဲတွင် ဝင်ပြိုင်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးသုံးခွင့်မရှိကြောင်း၊ အမောမခံနိုင်သူများကို ချန်လှပ်ထားမည်ဖြစ်ကြောင်း လူငယ်များကို သတိပေးထားသည်။ ဝတ်စုံအတွက် ကျောင်းသုံးပစ္စည်းဝယ်နေကျဆိုင်က လှူမည်ဟုပြောသည်။

လူငယ်များမူးယစ်ဆေးလျှော့သုံးလာကြပြီး အချို့သူများဆိုလျှင် လုံးဝမသုံးတော့ဟုဆိုသည်။ အိုက်နော်ကတော့ ဖိနပ်ကောင်းကောင်းဝယ်ချင်သည်ဆိုကာ အလုပ်ကြိုးစားနေကြောင်း မိဘများဆီက ဝမ်းသာစကားကိုကြားရတော့ ဆရာဖြိုးမောင်ပီတိဖြစ်မဆုံး။

(၆)

ည၏ခြုံလွှာသည် တဖြည်းဖြည်းမင်းမူလာပြီး အအေးဓာတ်ဖမ်းလာသည်။ ရင်ထဲမှာမအေးနိုင်ဘဲ စိုးရိမ်ပူပန်မှုများကြီးစိုးနေသည်က နောင်ခမ်းရွာလေး။ အကြောင်းကား ဆရာဖြိုးမောင် မြို့ကပြန်အလာ ဓားခုတ်ခံရသည်ဆိုသောကြောင့်ဖြစ်သည်။ ဦးစိုင်းလုံတို့ ရပ်ရွာလူကြီးများလည်း ဆရာဖြိုးမောင်ရှိရာ ကျေးလက်ဆေးပေးခန်းသို့ ကပျာကယာထွက်လာကြသည်။ ဆေးခန်းရောက်တော့ ဆရာဖြိုးမောင်လက်မောင်းကို ဆရာမလေး နန်းကြာညိုက ပတ်တီးစည်းပေးနေသည်။

"ဆရာ ဘယ်လိုဖြစ်တာလဲ တစ်ရွာလုံး စိတ်ပူနေကြတယ်"

ဦးစိုင်းလုံကခရီးရောက်မဆိုက် ထိတ်ထိတ်ပျာပျာမေးလေသည်။

"မစိုးရိမ်ပါနဲ့ ဦးစိုင်းလုံရယ် သိပ်မဖြစ်လိုက်ပါဘူး"

"ဘာသိပ်မဖြစ်ရမှာလဲ ရှစ်ချက်တောင်ချုပ်လိုက်ရတယ် ဦးစိုင်းလုံရေ"

ဆရာမလေး နန်းကြာညိုက နှုတ်ခမ်းလေးစူကာ ပြောလေသည်။

"ဘယ်လိုဖြစ်ရတာလဲ ဆရာရေ ရှင်းပြပါအုံး"

"ဒီလို ဦးစိုင်းလုံရေ လကုန်အစည်းအဝေးပြီးလို့ ကျောင်းအတွက် လိုအပ်တာတွေဝယ်ရင်း မိုးချုပ်သွားတယ်။ အပြန်မှာ နောက်ကလူနှစ်ယောက်နဲ့ ဆိုင်ကယ်တစ်စီးက ကပ်လိုက်လာတာသတိထားမိတယ်။ ရင်ကွဲတောင်ကြားရောက်တော့ ကျွန်တော့်ကိုကျော်သလိုနဲ့ ဓားနဲ့လှမ်းခုတ်တာ ရှောင်လိုက်တော့ လက်မောင်းကိုခုတ်မိသွားပြီး အရှိန်နဲ့ဆိုတော့ ကျွန်တော်လဲ မှောက်သွားတယ်။ နောက်ကပါလာတဲ့ ကားတစ်စီးရဲ့ မီးရောင်လဲမြင်ရော သူတို့မောင်းပြေးသွားတာပဲ။ တော်သေးတာပေါ့ဗျာ ပါလာတဲ့ကားက ကုန်းဆာရွာက ပီခေါင်တို့ကားဖြစ်နေတယ်။ သူတို့ အကူအညီနဲ့ပဲ ဒီရောက်လာတယ်ဆိုပါတော့ ဦးစိုင်းလုံရယ်"

"တောက် ဒါ မန်လုံဘက်က ဆေးရောင်းတဲ့ကောင်တွေပဲဖြစ်မယ်။ ဆေးမသုံးဖို့ ဆရာက စည်းရုံးတယ်လေ။ ဒီကောင်တွေ ရွာဘက် ဆေးမရောင်းရလို့ ဆရာ့ကိုရန်ရှာတာဖြစ်မယ်"

လူကြီးများနှင့်လိုက်လာသော အိုက်နော်က မကျေမချမ်းပြောလေသည်။

"ဟေ ဘယ်လိုပဲဖြစ်ဖြစ် ဆရာလေးကိုတော့ တစ်ယောက်တည်း လွှတ်ရမှာ စိတ်မချတော့ဘူး။ မြို့ကိုသွားရင် ရွာက အလှည့်ကျအဖော်ထည့်ပေးမယ်"

လုံးခမ်းက စဉ်းစဉ်းစားစားပြောလေသည်။

"ချုပ်ရိုးမခြေခင်ထိတော့ လှုပ်လှုပ်ရှားရှားမနေနဲ့အုံးနော်"

ဆရာမလေး နန်းကြာညိုက စိုးရိမ်ကြီးစွာမှာလေသည်။

"ဟုတ်ကဲ့ပါဗျာ။ ဒါပေမဲ့ မနက်ဖြန် မူးယစ်ဆေးအန္တရာယ်နဲ့ပတ်သက်လို့ ကလေးတွေ စာစီစာကုံးပြိုင်ပွဲရှိသေးတော့"

"အဲဒါဆိုလဲပြီးရော မပြောတော့ဘူး"

ဆရာဖြိုးမောင် စကားမဆုံးခင် ဆရာမလေးက စိတ်ဆိုးဆိုးနှင့် ပြောလေသည်။

"ဆရာမလေးရဲ့ စေတနာနဲ့ဆိုရင် ငါတို့ဆရာ ဒဏ်ရာအမြန်ပျောက်မှာသေချာတယ်"

ဦးစိုင်းလုံက ရယ်ကျဲကျဲနှင့်ပြောလေသည်။

"အို ရော့ ရော့ ဒီမှာသောက်ဆေး"

ဆရာမလေး နန်းကြာညို ရှက်သွေးဖြာသွားပြီး သောက်ဆေးများ အတင်းထိုးပေးကာ ထွက်သွားတော့သည်။ ထိုအခါ ဆရာဖြိုးမောင်၏ အဖြစ်ကိုပင်မေ့ပြီး အားလုံးသဘောကျစွာ ရယ်လိုက်မိတော့သည်။

(၇)

"ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာအပ်ပါတယ်ရှင်"

အခမ်းအနားမှူး ဆရာမလေး နန်းကြာညို၏ ကြေညာသံအဆုံးတွင် လက်ခုပ်သံများ တစ်ပြိုင်နက်တည်း ဟည်းသွားတော့သည်။ ယနေ့ကျင်းပသည့် ပညာရေးစုံညီပွဲတော်သည် နောင်ခမ်းရွာလေး သမိုင်းတစ်လျှောက် မကြုံစဖူး အစည်ကားဆုံးဟု ဆိုရပေမည်။

"မြို့နယ်အားကစားပြိုင်ပွဲမှာ ပထမဆုရရှိခဲ့သော နောင်ခမ်းရွာ လူငယ်ဘောလုံးအသင်းကို ဆုချီးမြှင့်ပေးမဲ့အစီအစဉ်ဖြစ်ပါတယ်ရှင်"

လက်ခုပ်သံများ သောသောညံသွားသည်။ ဆုရလူငယ်အသင်းအား ဆရာဖြိုးမောင်နှင့် ရပ်ရွာကပူးပေါင်း၍ ထပ်မံဆုချီးမြှင့်ပေးခြင်းပင်ဖြစ်သည်။ ဧည့်သည်တန်းတွင်ထိုင်နေသော ဆရာမလေး နန်းကြာညိုကို ဆရာဖြိုးမောင်လှမ်းကြည့်ခိုက် ဆရာမလေးကလည်း လှမ်းအကြည့်နှင့် ဆုံလေသည်။ နှစ်ဦးသား၏ရင်ထဲတွင် ချိုမြိန်သောမေတ္တာတရားတို့ထက် နောင်ခမ်းရွာလေးအတွက် ဝမ်းသာပီတိကပိုသည်ဟု ဆိုနိုင်ပေသည်။ ဆုချီးမြှင့်နေသော ဦးစိုင်းလုံသည် ဝမ်းသာလွန်း၍ မျက်ရည်များပင်စို့နေသည်။ ကျောင်းအဝင်မှာတော့ "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ လူမှုဘဝ"ဆိုသောဆောင်ပုဒ်လေးက နံနက်ခင်း၏ရောင်နီဦးနှင့်အတူ သစ်လွင်တောက်ပနေပါတော့သည်။

## ဆောင်းပန်းချီ

- ဆောင်းပန်းချီ ခြယ်ကာသ
  နှင်းဝေကျ ပတ်ဝန်းကျင်၊
  မြူခိုးတွေ ပတ်ကာဝိုင်း
  ရပ်တိုင်းရှစ်ခွင်၊
  ကျေးငှက်သံတို့ မြိုင်ဆိုင်လွင်
  ခဝဲသဇင် တော်ဝင်ပန်း၊
  လယ်တောမှာ ပျိုမေတစ်သိုက်ရယ်နဲ့
  လိုက်ဖက်တင့်ဆန်း။

- ဆောင်းပန်းချီ ပက်ကာဖျန်း
  မြိုင်စခန်း နှင်းရည်စို၊
  တောင်သူတွေ ပျော်ချိန်ရောက်မဲ့
  ကောက်သိမ်းပွဲကြို၊
  အချမ်းဓာတ်တို့ အကဲပို
  မီးဖိုကာ လှုံရသေး၊
  ထက်ဝလာ မိုးမြေအနှံ့မှာ
  ရှင်းသန့်တယ်လေး။

- ဆောင်းပန်းချီ မြင်သူငေး
  ရင်အေးပေါ့ ကြည်နူးစရာ၊
  အထွက်ဖြိုး စပါးခင်းမှာဖြင့်
  စိတ်ရင်းဝမ်းသာ၊
  ရောင်စုံပန်းတို့ သင်းဝေဖြာ
  ပင်ယံမှာ ယှက်ဖြာကူး၊
  လရာသီ ပန်းတင့်အောင်ပ
  (တောင်သူဦးကြီးတို့မှာ)
  ထပ်ဆင့်ပျော်မြူး။ ။

**ပိုင်ဆု(ပညာရေး)**

# ညောင်လေးပင်မြို့နယ် ရဲနွယ်သမစံပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲနွယ်သမစံပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရဲနွယ်သမစံပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ရဲနွယ်သမစံပြကျေးရွာ၌ လမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ဂဝံမြေနီလမ်းခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၆၀ ဒသမ ၇ သိန်း စုစုပေါင်း ငွေကျပ် ၂၁၀ ဒသမ ၇ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ဂုဏ်ယူနွှဲပျော် ကျောင်းသားအားကစားပွဲတော်


စိန်ဌေးလှိုင်(ဟိုပုံးမြေ)

“အာရောဂျံ၊ ပရမံလာဘံ”ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်ဟု ဘုရားရှင်ကဟောကြားခဲ့သည်။ လူသားတို့ဘဝတွင် ကျန်းမာစွာနေထိုင်ရေးသည် အဓိကကျလှသည်။ ကျန်းမာခြင်းသည်ကျောင်းသားလူငယ်များ ပညာရှာမှီးရာတွင် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည်။ “ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည်” ဆိုသောစကားအရ ကျန်းမာသောလူတစ်ဦးသည် တက်ကြွလန်းဆန်းသောစိတ်ဓာတ်ကိုခံစားရပေမည်။ လှပသောအနာဂတ်ကို ဖော်ဆောင်ရာတွင် ကျန်းမာရေးကောင်းခြင်းက အထောက်အကူပြုပေးသည်။ အားကစားပြုလုပ်ခြင်းသည် ခန္ဓာကိုယ်ကြံ့ခိုင်မှုကိုသာမက ကျန်းမာရေးကို ကောင်းမွန်စေ၏။ အားကစားဆိုသည်မှာ အနိုင်၊ အရှုံးတစ်ခုတည်းကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ ဇွဲရှိမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ သည်းခံမှု၊ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းကမ်းလိုက်နာမှု၊ ယဉ်ကျေးလိမ္မာမှုနှင့် အားကစားကို ချစ်မြတ်နိုးမှုတို့ကို ဖော်ဆောင်ပေးသည်။

ကမ္ဘာပေါ်တွင် ပညာသင်ကြားရေးစနစ်တိုးတက်လာသည်နှင့်အမျှ ကျောင်းသားနှင့်အားကစားကို ပိုမိုယှဉ်တွဲပေါင်းစည်းလာကြသည်။ကျွမ်းကျင်သော နည်းဗျူဟာကိုအသုံးချကာ သေချာရေရာသောပန်းတိုင်ကိုရောက်ရှိရန် ယှဉ်ပြိုင်မှုကို “အားကစား” ဟု ခေါ်ဆိုသည်။ ယှဉ်ပြိုင်ရာတွင် စုဖွဲ့မှု သို့မဟုတ် တစ်ဦးတစ်ယောက်တည်းနှင့်လည်း ဖြစ်နိုင်သည်။ စည်းမျဉ်းစည်းကမ်းများနှင့်စံနှုန်းများကို သတ်မှတ်ပေးထားသည်။ မိမိနှင့်ယှဉ်ပြိုင်ဘက်ကို အထင်လည်းမသေးရ၊အထင်လည်းမကြီးရဟူသော စိတ်ဓာတ်မျိုးကိုဖြစ်ပေါ်စေသည်။ သန့်ရှင်းစွာယှဉ်ပြိုင်ခြင်းသည် မှန်မြတ်သောလုပ်ဆောင်မှုဖြစ်ကြောင်းကိုလည်း သိရှိလာပေလိမ့်မည်။ ဓမ္မဓိဋ္ဌာန်ကျကျဖြင့် အနိုင်ရသူကို ရွေးချယ်ပေး၏။

ထို့ပြင် အားကစားဆိုသည်မှာ အားအင်နှင့်ဉာဏ်ရည်ကိုအသုံးချယှဉ်ပြိုင်မှုဟုလည်း ခေါ်ဆိုကြသည်။ အင်္ဂလိပ်ဘာသာစကားဖြင့် SPORT ဟု ရေးသားသည်။ အဓိပ္ပာယ်မှာ S မှာ Suppleness ပျော့ပျောင်းမှု၊ P က Politeness ယဉ်ကျေးသိမ်မွေ့မှု၊ O မှာ Obedience နာခံတတ်မှု၊ R က Readiness အဆင့်သင့်ဖြစ်မှု၊ T မှာ Tractful ပါးနပ်လိမ္မာမှု၊ S က Skill ကျွမ်းကျင်မှု စသောအရည်အသွေးကောင်းများပါဝင်နေသည်။ ထို့ကြောင့် ကျောင်းသားလူငယ်များသည် အားကစားကို လေ့လာလိုက်စားသင့်ပေသည်။ အားကစားအမျိုးအစားတွင် ယှဉ်ပြိုင်အားကစား (Competitive Sport)၊ အပန်းဖြေအားကစား (Leisure Sport)၊ ရိုးရာအားကစား (Traditional Sport)၊ လူထုအားကစား (Mass Sport) ဟူ၍ လေးမျိုးသတ်မှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောင်းသား၊ ကျောင်းသူများ အားကစားစိတ်ဓာတ်များမြင့်မားလာပြီး ပညာရေးတွင် အထောက်အကူဖြစ်စေရန်အတွက် ခေတ်အဆက်ဆက်တွင် ကျောင်းသားအားကစားပွဲတော်များကို ယှဉ်ပြိုင်ကျင်းပခဲ့သည်။ အခြေခံပညာကျောင်းသားအားကစားပွဲတော်များကို ၁၉၉၀ ပြည့်နှစ်မှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျင်းပခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် တောင်ကြီးမြို့၌လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် စစ်တွေမြို့၌လည်းကောင်း ကျောင်းသားအားကစားပွဲတော်များကိုကျင်းပခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အဋ္ဌမအကြိမ်အဖြစ် ချင်းပြည်နယ် ဟားခါးမြို့၌ ကျင်းပခဲ့၏။ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တို့တွင် နေပြည်တော်၌ နှစ်နှစ်ဆက်တိုက်ကျင်းပခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းသား၊ ကျောင်းသူများမှ အကအလှများဖြင့်လည်းကောင်း၊ အားကစားနည်းများဖြင့်လည်းကောင်း ပါဝင်ခဲ့သည့် (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် မှ ၂၂ ရက်ထိ ကျင်းပနိုင်ခဲ့သည်။ နိုင်ငံပေါင်း ၁၁ နိုင်ငံမှအားကစားသမားများက အားကစားနည်း ၃၃ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ၏။ ဖွင့်ပွဲပိတ်ပွဲများကို အသစ်တည်ဆောက်ပြီးစီးသည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပခဲ့သည်။ ထိုပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခုတို့ ရရှိခဲ့သည်။ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုတွင် ဒုတိယနေရာရရှိခဲ့သည်မှာ များစွာဂုဏ်ယူဖွယ်ရာကောင်းလှပေသည်။



၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲ

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံများတွင် ကျင်းပခဲ့၏။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်ထိ ကျင်းပခဲ့ရာ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်နှင့် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများကို ထည့်သွင်းယှဉ်ပြိုင်စေခဲ့သည်။ ပြည်နယ်၊ တိုင်းဒေသကြီးများမှအဖွဲ့ခေါင်းဆောင်များ၊ အတွင်းရေးမှူးများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်း ၁၉၃၅ ဦးပါဝင်ခဲ့ကြသည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံတွင်ကျင်းပခဲ့သည်။ အားကစားပွဲများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်ထိ ကျင်းပခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၁၅ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံများနှင့် လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်းတို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်း ဦးရေ ၁၈၅၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်နှင့်ပိုက်ကျော်ခြင်းတို့ကိုသာ ထည့်သွင်းခဲ့သော်လည်း ယခုပြိုင်ပွဲတွင် ဘတ်စကက်ဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်တို့ကို ထပ်မံဖြည့်တင်းသွားမည်ဖြစ်သည်။ ယခုနှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်မှ ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများသည် 2024 ASEAN School Game တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသားမီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး(သုံးဆင့်ခုန်)ပြိုင်ပွဲ၊ အမျိုးသားအမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသမီးသံပြားပစ်ပြိုင်ပွဲများကို ကျင်းပခဲ့ကြသည်။ ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ကျောင်းသားအားကစားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆပ်ကော်မတီဥက္ကဋ္ဌနှင့်အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆုများကိုအသီးသီးချီးမြှင့်ပေးကြ၏။

ထို့ပြင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံတွင် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကိုလည်းကောင်း၊ (B) ရုံတွင် အမျိုးသား၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲကိုလည်းကောင်း၊ (C) ရုံတွင်အမျိုးသား၊ အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲနှင့်ဘတ်စကက်ဘောပြိုင်ပွဲတို့ကိုလည်းကောင်း ကျင်းပလျက်ရှိသည်။ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် ဘောလုံးပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ မန္တလေးတိုင်းဒေသကြီးအသင်းနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် လေးဂိုးစီဖြင့် သရေရရှိခဲ့သည်။ လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ကချင်ပြည်နယ်အသင်းနှင့်မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကြရာ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆုတံဆိပ်ရရှိသော ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့နေထိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ၏ဂုဏ်ကို ဆောင်နိုင်ကြပေမည်။ နိုင်ငံတော်မှအားထားရသည့် အားကစားသမားများဖြစ်လာကြပေလိမ့်မည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်တွင် “တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး”ဟုပါရှိသည်။ ၂၀၁၀ ခုနှစ် ဩဂုတ် ၁ ရက်တွင် “အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန”ကို ဖွဲ့စည်းခဲ့သည်။ အခြေခံပညာကျောင်းများတွင် အားကစားနှင့် ကြံ့ခိုင်ရေးနည်းပြဆရာ၊ ဆရာမများ ခန့်အပ်ထားရှိကာ သင်ကြားပို့ချလျက်ရှိသည်။ အားကစားပစ္စည်းများ ဖြည့်ဆည်းပေးခြင်းနှင့် အားကစားသင်တန်းများကိုလည်း ဖွင့်လှစ်ပေး၏။ နွေရာသီအားကစားသင်တန်းနှင့်အဆင့်မြင့်အားကစားသင်တန်းများမှ ထူးချွန်သောအားကစားမောင်မယ်များကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။ အားကစားနှင့် ကာယပညာသိပ္ပံများကို ၁၉၉၀ ပြည့်နှစ် ဩဂုတ် ၂၃ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၀၂ ခုနှစ် ဇွန် ၁ ရက်တွင် မန္တလေးမြို့၌လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် မော်လမြိုင်နှင့်တောင်ကြီးမြို့တို့၌လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် လှိုင်ကော်မြို့၌လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် မုံရွာမြို့၌လည်းကောင်း ဖွင့်လှစ်ထားရှိသည်။

အခြေခံပညာကျောင်းသားလူငယ်များသည် ဗလငါးတန်ဖြစ်သော ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့်ပြည့်စုံနေရမည်ဖြစ်သည်။ အားကစားပြုလုပ်ခြင်းသည် ကာယဗလကိုဖြစ်ထွန်းစေ၏။ ကျန်းမာကြံ့ခိုင်ကာ ဉာဏ်ပညာကိုတိုးတက်စေသည်။ အမှား၊ အမှန်ကိုခွဲခြားတတ်သော စာရိတ္တကောင်းကိုရရှိစေသည်။ အားကစားသမားအချင်းချင်း ရင်းနှီးတွေ့ဆုံကြရာ မိတ္တဗလဆိုသည့် မိတ်ဆွေကောင်းကိုလည်း ပေါင်းသင်းရ၏။ ဆုတံဆိပ်ငွေကြေးများရရှိသဖြင့် ဘောဂဗလကိုရစေသည်။ “နှုတ်မှုလက်မှု၊ အတတ်စုကို၊ ငယ်နုသောအား၊ မမေ့ခြားနှင့်၊ ရင်းဖျားကုန်စင်၊ တတ်မြော်မြင်က၊ တစ်ခုမျှလျက်၊ အသက်မွေးကြောင်း၊ ဖြစ်တုံရှောင်း၏” ဆိုသောလောကနီတိပျို့လင်္ကာအတိုင်း အားကစားဆိုသည်မှာ ယုတ်စွအဆုံးအသက်မွေးပညာ ရပ်တစ်ခုဟုပင် ခေါ်ဆိုနိုင်ပါသေးသည်။ ထို့ပြင် မိမိ နှင့်ပြိုင်ဘက်ကို အထင်လည်းမသေးရ၊ အထင်လည်း မကြီးရဟူသော အလယ်အလတ်စိတ်ဓာတ်မျိုးကိုဖြစ် ပေါ်စေသည်။ ဖြူစင်သန့်ရှင်းစွာ ယှဉ်ပြိုင်ခြင်းသည် မှန်မြတ်သော-လုပ်ဆောင်မှုဖြစ်ကြောင်း သိတတ်လာ သည်။ အားကစားနည်းဥပဒေကို စည်းကမ်းတကျလိုက်နာရခြင်းဖြင့် စည်းစနစ်ကျစွာနေထိုင်တတ်သော အလေ့အကျင့်ကိုရရှိစေပါသည်။

အချုပ်အားဖြင့် ဆိုရလျှင် အခြေခံပညာကျောင်းသားတိုင်း ကျန်းမာကြံ့ခိုင်စေရေးအတွက် အားကစားများကိုလေ့လာလိုက်စားရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ ကျောင်းသားလူငယ်များ အားကစားကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှဆောင်ရွက်ပေးလျက်ရှိသည်။ အားကစားဝါသနာကို မျိုးစေ့ချပေးသည်မှ အပင်ကြီးထွားရေးအတွက် မြေတောင်မြှောက်ပေးလျက်ရှိသည်။ ယခုကျင်းပလျက်ရှိသော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကြီးတွင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများက တက်ကြွရွှင်လန်းသောစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ဆင်နွှဲလျက်ရှိရာ ဤဆောင်းပါးဖြင့် ဂုဏ်ပြုရေးသားလိုက်ရပေသည်။

**ကိုးကား**

**- ၅-၁၂-၂၀၂၃ ရက်နေ့ထုတ်၊ မြဝတီသတင်းစာ**

**- အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝက်ဘ်ဆိုက် https;//mosya,gov.mm/**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲမျိုးစုံသီးနှံ ဧက ၅၆၁၀ စိုက်ပျိုးပြီးစီး



**ရွှေဘို ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ဧက ၅၆၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲမျိုးစုံသီးနှံ ၆၁၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၅၆၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲမျိုးစုံသီးနှံဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးနေပါပြီ။ ပဲမျိုးစုံစိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲမျိုးစုံသီးနှံအလိုက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၇၂၉ ဧက၊ ထောပတ်ပဲ ၁၀၁၄ ဧက၊ စွန်တာပြာ ၂၈၇၅ ဧက၊ ကုလားပဲ ၁၀၈ ဧက၊ ပဲလွမ်း ၅၇ ဧက၊ ပဲဖြူလေး ၂၂၅ ဧက၊ ပဲကျား ၆၀၂ ဧက စုစုပေါင်း ၅၆၁၀ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မတ်ပဲ ၁၂၆၅ ဧက၊ ထောပတ်ပဲ ၁၀၁၅ ဧက၊ စွန်တာပြာ ၂၈၇၂ ဧက၊ ကုလားပဲ ၃၃၀ ဧက၊ ပဲလွမ်း ၅၇ ဧက၊ ပဲဖြူလေး ၂၅၀ ဧက၊ ပဲကျား ၆၀၂ ဧက စုစုပေါင်း ၆၃၉၁ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၆၄၂၄ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တိုက်ကြီးမြို့နယ် ချောင်းကျိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တိုက်ကြီး ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ချောင်းကျိုးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သူကိုကို၊ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ချောင်းကျိုးကျေးရွာ၌ လမ်းအရှည်ပေ ၇၃၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်သူကိုကိုက လမ်းရေရှည်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တိုက်ကြီးမြို့နယ် ချောင်းကျိုးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# စစ်မီးကိုငြိမ်း ရာထူးမယူ တရားရှာသူ မင်းကြီးရန်နောင်

**ကိုကို(မန္တလေး)**



ဇမ္ဗူထိပ်ပန်ဘုရားကို ဖူးတွေ့ရစဉ်။

သတိုးမင်းဖျား အင်းဝကို အေဒီ ၁၃၆၄-၁၃၆၇ ထိ တည်ထောင်စိုးစံပြီးနောက် မင်းအဆက်ဆက် အင်းဝဘေးပတ်လည်သာမက အဝေးကမြို့ရွာတွေကပါ ပုန်ကန်ထကြွကြတော့တယ်။ အထူးသဖြင့် အေဒီ ၁၄၄၂-၁၄၆၈ ထိ စိုးစံခဲ့တဲ့ နရပတိမင်းလက်ထက်မှာ အကွဲကွဲအပြားပြားဖြစ်နေတဲ့ ပြည်၊ မိုးကောင်း၊ ရမည်းသင်း၊ တရုတ်နယ်စပ်ကနေ တရုတ်တို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အင်းဝနေပြည်တော်လဲ မငြိမ်မသက်ဖြစ်ခဲ့ရပြန်တယ်။

နောက် ဖခင်မင်းဖြစ်သူ နရသူကို သားတော် အိမ်ရှေ့မင်းသားက ဓားနဲ့ခုတ်လို့ ပြည်သို့ပြေးရပြီး ဓားဒဏ်ရာနဲ့ အနိစ္စရောက်ရတယ်။ နောက်ဆက်ခံသူ သီဟသူမင်း ဒုတိယမင်းခေါင်နှင့် ရွှေနန်းကြော့ရှင် နရပတိ (အေဒီ ၁၅၀၁-၁၅၂၆) တို့လက်ထက်မှာ မြေဒူးရှမ်း၊ ပြည်ဘုရင်သတိုးစော၊ တောင်ငူဘုရင်မင်းကြီးညို၊ ပခန်းကြီး၊ စကုမြို့စားတို့ဟာ ခြားနားထူထောင်ရုံမက အနီးရှိမြို့ရွာတွေကို ဖျက်ဆီးလို့ ရွှေနန်းကြော့ရှင်မှာ ကုန်းဘောင်စော်ဘွားစစ်ကူနဲ့ တိုက်ရတယ်။

ဤတွင် မြန်မာပြည်မှာဖြစ်ခဲ့တဲ့ စစ်ပွဲတွေအနက် အပြင်းထန်ဆုံးတိုက်ပွဲတစ်ခုဖြစ်တဲ့ စလေပုံတောင်နဲ့ တောင်ငူမင်းပြည်မင်းတို့နဲ့ အင်းဝရွှေနန်းကြော့ရှင်က ကုန်းဘောင်စော်ဘွားစစ်ကူနဲ့ တိုက်ခိုက်ရလေရာ ဧရာဝတီမြစ် စလေကမ်းခြေကနေ ချောက်အထက် အုန်းမြား၊ စဉ့်ကူး၊ ကြံအိုး၊ ပျော်ဘွယ်၊ ဂင်္ဂါရွာတွေအထိ မြစ်တွင်းကုန်းတွင်းတိုက်ပွဲတွေ၊ အလောင်းချင်းထပ်၊ ဒဏ်ရာတွေနဲ့ လဲနေတဲ့စစ်သည်တွေရဲ့ အသက်ရှူသံပြင်းပြင်းတွေကြား၊ ရေထဲက အလောင်းတွေကြောင့် အဲဒီနေရာက ဧရာဝတီမြစ်အနောက်ခြမ်းဟာ နီရဲနေခဲ့ပါတယ်။ ဒါကို အင်းဝစာဆို ရှင်မဟာရဋ္ဌသာရက ပုံတောင်နိုင်မော်ကွန်းနဲ့ ရေးဖွဲ့ခဲ့ပါတယ်။

နောက် မိုးညှင်းစလုံတို့ စစ်ကိုင်းကတစ်ဆင့် အင်းဝဘက်ကို ချီတက်သိမ်းပိုက်ခဲ့လို့ အင်းဝမင်း ရွှေနန်းကြော့ရှင်နဲ့ ဘုန်းဘောင်သီပေါ စော်ဘွားတို့လဲ မေမြို့(ယခုပြင်ဦးလွင်မြို့)အနီး ဝက်ဝံရွာထိ ဆုတ်ခဲ့ရပါတယ်။ တောင်ငူမင်းကြီးညိုကလဲ မြို့ရွာတွေ သိမ်းတက်လာကြပါပြီ။ အင်းဝဘုရင်တို့ ပြန်တိုက်တယ်။ မရပါ။ ရဟန်းတွေရော စာဆိုတွေရော ရှင်မဟာရဋ္ဌသာရအပါ ပြည်ကိုထွက်ပြေးခဲ့ရပါပြီ။ နောက် ရွှေနန်းကြော့ရှင်လဲ ကျဆုံးတော့ သိုဟန်ဘွား အင်းဝကို အေဒီ ၁၅၂၆-၁၅၄၂ ထိ အုပ်ချုပ်ခဲ့ပါတယ်။

သဘောထားအနည်းငယ်ပျော့ပျောင်းတဲ့ သိုဟန်ဘွား ဖခင် မိုးညှင်းစလုံက အရည်အချင်းရှိသူ ရွှေနန်းကြော့ရှင်ရဲ့တူ မင်းကြီးရန်နောင်ကို သိုဟန်ဘွားကို ထိန်းသိမ်းဖို့ အမတ်ကြီးရာထူး ခန့်အပ်ခဲ့ပါတယ်။ သိုဟန်ဘွားက တောင်ငူနဲ့ ပြည်ကိုပါ တိုက်ဖို့ပြင်ရာမှာ မင်းကြီးရန်နောင်က ပရိယာယ်နဲ့တိုက်ဖို့မလို၊ သူ့အလိုလို ဝင်ရောက်လာမှာပြောဆိုကာဆီးပြီး တောင်ငူ၊ ပြည်တို့ကိုလဲ လောလောဆယ် အင်းဝသိုဟန်ဘွားနဲ့ ပြေလည်အောင် လက်ဆောင်ဆက်၊ စစ်ပြေငြိမ်းဖို့ အတွင်းစာတွေ ပို့ထားပါတယ်။

အဲဒီအချိန် အေဒီ ၁၅၃၈ မှာ တောင်ငူတပင်ရွှေထီးက ဟံသာဝတီကို တိုက်တော့ရသွားတယ်။ ဒီတော့ မွန်မင်းက ပြည်နဲ့ အင်းဝမင်းတို့ဆီက အကူအညီယူပြန်တိုက်တယ်။ တပင်ရွှေထီးပဲ အပြတ်နိုင်သွားပြီး မွန်မင်း အင်္ဂပူမှာ ဆုံးသွားတယ်။ နောက် ပြည်ကို အင်းဝမင်း၊ မိုးမိတ်မင်း၊ မိုးညှင်းစော်ဘွား၊ ကုန်းဘောင်ခွန်မှိုင်းတို့ ဝင်တိုက်တာ ဘုရင့်နောင်တပ်နဲ့တွေ့တော့ ပြန်ပြေးရပါရော။

သိုဟန်ဘွားက ရက်စက်တယ်။ ရတနာသုံးပါးကို မရှိသေ၊ စေတီတွေဖောက်၊ ဌာပနာတွေယူ၊ ကျောင်းတွေမီးရှို့ပေါ့။ အေဒီ ၁၅၃၉ မှာ အင်းဝဟံသာဝတီ တောင်ပလူရပ်မှာ ရဟန်းတွေကို ဆွမ်းကပ်မယ်ဆိုပင့်ပြီး ဆင်၊ မြင်း၊ လူဝိုင်းပြီး ရဟန်းတွေကို သတ်တာ အပါး ၃၆၀ ကျော် ပျံလွန်တော်မူကုန်ပါတယ်။

အဲဒီအပြင် သိုဟန်ဘွားက မြန်မာမှူးမတ်တွေသာမက သူနဲ့လူမျိုးတူ ရှမ်းမှူးမတ်တွေပါ နှိပ်စက်ညှဉ်းပန်းတော့ပါတယ်။ အားလုံး သည်းမခံနိုင်ကြတော့ပါဘူး။ မှူးမတ်အားလုံးက မင်းကြီးရန်နောင်နဲ့ တိုင်ပင်ကြတော့ပါတယ်။

အရပ်မြင့်မြင့် လူညိုထွား ဘာသာရေးကိုင်းရှိုင်းသူ မင်းကြီးရန်နောင်ဟာ သိုဟန်ဘွား မကောင်းမှုကြောင့် ဖြစ်ရတာသိရလို့ သိုဟန်ဘွားကို အပြတ်ဖြတ်ဖို့ စဉ်းစားပါတော့တယ်။ သူဟာ အင်းဝနဲ့သိပ်မဝေးတဲ့ မန္တလေးမြို့သစ်မှာ နဂိုရှိတဲ့အင်းခရုဘုရားကိုသွားပြီး ၄၉ ရက်တိတိ သူ့အမိဋ္ဌာန်အောင်ဖို့ တရားကျင့်ခဲ့ပါတယ်။ ဒီကိစ္စတွေမဖြစ်ခင် မင်းညီမင်းသား မင်းကြီးရန်နောင်ဟာ အင်းဝမြို့လယ် ကောလင်းကျောင်းတိုက်နားမှာ အေဒီ ၁၅၃၁ မှာ အင်းဘဲမုဋ္ဌောဆိုပြီး မုဋ္ဌောဘုရားတည်ခဲ့ပါတယ်။ အထဲက ဆင်းတုတော်က တော့မရှိတော့လို့ ခေတ်ဆင်းတုတော်နဲ့ အစားထိုးထားပါတယ်။

မင်းကြီးရန်နောင်ဟာ အေဒီ ၁၅၄၂ မှာ သိုဟန်ဘွားကို ဥပါယ်တံမျဉ်နဲ့ သိုဟန်ဘွားလက်ရောက်နေတဲ့ ယိမ်းနွဲ့ပါးစားကို ကြည့်ချင်လို့ဆိုပြီး ယခုအင်းဝအိုးထုတ္တန်း ၅၀၀ ကိုက်ရဲ့မြောက်ဘက်လမ်းဘေးက ရွှေကျီးမြင့်ဘုရားနောက်က ကြည့်မြင်တိုင်ရွာအထက်ကျောင်းဝိုင်းထဲမှာ လုပ်ကြံဖြစ်လိုက်ပါတယ်။ မင်းကြီးရန်နောင်ဟာ သိုဟန်ဘွားမလာခင် မဏ္ဍပ်အောက်မြေတူးလက်နက်တွေမြှုပ် ဖျာခင်းထားပြီး သိုဟန်ဘွားနဲ့စကားပြောဆို၊ ယိမ်းနွဲ့ပါးစားကိုယူကြည့်ပြီး တစ်ခါတည်း သိုဟန်ဘွားကိုပိုင်းချလိုက်ပါတယ်။ အားကလဲပါ ဓားကလဲစွမ်းဆိုတော့ လူလဲနှစ်ခြမ်းဖြစ်သွားတယ်လို့ အဆိုရှိပြီး နောက်က ဝါးပိုးဝါးတွေပါ တိခနဲ ပြတ်ထွက်သွားပါတယ်။

နောက် မြန်မာမှူးမတ်တွေက ဖျာလှန် မြေထဲက ဓားလှံတွေယူ ရှမ်းဆိုးတပ်ကို အပြတ်ဖြတ်ပြီး ရန်နောင်ကို မင်းဝိုင်းတင်ကြပါတယ်။ ဒါပေမဲ့ မင်းကြီးရန်နောင်ဟာ မင်းအဖြစ်ကို မယူခဲ့ပါဘူး။ အုန်းမောင်းခုံမှိုင်းကိုခေါ်ပြီး မင်းမြှောက်ပါတယ်။

**❖ မင်းကြီးရန်နောင်ဟာ အင်းဝဟံသာဝတီ တောင်ပလူရပ်၊ ခြေထူးကုန်းပေါ်က မြေတီးပရိယတ္တိကျောင်းတိုက်ဝင်းအတွင်းမှာ သူ့ကို အပ်နှင်းထားတဲ့ ရာထူးအဆောင်အယောင်တွေကို စေတီတည်ဌာပနာခဲ့ပါတယ်။ ဘုရားကို ရွှေတန်ဆာဘုရားလို့ ဘွဲ့တော်ပေးခဲ့ပါတယ်။ သူဟာ အားလုံးကို စွန့်လွှတ်ခဲ့ပါပြီ။ ရွှေဆံတောင်ဘုရားနဲ့ မဟာဗောဓိဘုရားကြားကထွက်ပြီး အဲဒီတုန်းက မရှိသေးတဲ့အမြန်လမ်းပေါ်၊ တံတားတောင်ဘက် ဘယ်ဘက်ခြမ်းက ဆေးအိုးဘိုရွာ ဘုန်းကြီးကျောင်းထဲမှာ ဇမ္ဗူထိပ်ပန် ဘုရားကြီးကိုတည်ခဲ့ပြီး ယိမ်းနွဲ့ပါးစားကို ဌာပနာခဲ့ပါတယ်။ ❖**

နောက် မင်းကြီးရန်နောင်ဟာ အင်းဝဟံသာဝတီ တောင်ပလူရပ်၊ ခြေထူးကုန်းပေါ်က မြေတီးပရိယတ္တိကျောင်းတိုက်ဝင်းအတွင်းမှာ သူ့ကိုအပ်နှင်းထားတဲ့ ရာထူးအဆောင်အယောင်တွေကို စေတီတည် ဌာပနာခဲ့ပါတယ်။ ဘုရားကို ရွှေတန်ဆာဘုရားလို့ ဘွဲ့တော်ပေးခဲ့ပါတယ်။ သူဟာ အားလုံးကို စွန့်လွှတ်ခဲ့ပါပြီ။

ရွှေဆံတောင်ဘုရားနဲ့ မဟာဗောဓိဘုရားကြားက ထွက်ပြီး အဲဒီတုန်းက မရှိသေးတဲ့ အမြန်လမ်းပေါ်၊ တံတားတောင်ဘက် ဘယ်ဘက်ခြမ်းက ဆေးအိုးဘိုရွာ ဘုန်းကြီးကျောင်းထဲမှာ ဇမ္ဗူထိပ်ပန်ဘုရားကြီးကို တည်ခဲ့ပြီး ယိမ်းနွဲ့ပါးစားကို ဌာပနာခဲ့ပါတယ်။ မြေစိုက်စေတီပါ။ ရွှေရုပ်ပွားတော် တန်ဆောင်းလဲကျနေတဲ့ အုတ်ဂူစေတီလေးတစ်ခုရယ်၊ နံရံလေးပေထူတဲ့ သိမ်တစ်ခုရယ်ရှိပါတယ်။

နောက်ကပ်လျက် စောရဲရွာထဲက တိုက်နယ်ဆေးရုံနားက ရှမ်းမောင်နှမသိုက်နန်းရှိရာနေရာမှာ ရန်နောင်အမည်နဲ့ စေတီတစ်ဆူရှိပါတယ်။ မင်းကြီးရန်နောင်ဟာ အဲဒီ စောရဲရွာကတစ်ဆင့် အရှေ့တောင်အရပ် အရင် အဲဗျရွာ အခုအခေါ် ညွှေ့ပြရွာ မဂ္ဂရာရွာရှိရာ တောထဲကိုဝင်ပြီး မင်းကြီးရန်နောင်ဟာ မင်းလဲမပြု အာဏာလဲမမူး တရားသဘောကို ကောင်းစွာဆင်ခြင်မိတဲ့အတွက် ရှိပြီးသား မဂ္ဂရာကစည်းခုံဘုရားကြီးရဲ့တောင်ဘက် ကိုက် ၂၀၀ လောက်မှာ နှစ်ထပ်ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ပြီး ဘုန်းကြီးဝတ်ကာ ဘဝကို နှစ်မြှုပ်လိုက်ပါတယ်။ သူဟာ တရားကိုလိုချင်သူပါ။ အတွင်းရော၊ အပြင်ရော ပူခဲ့တဲ့ မင်းကြီးရန်နောင်ဟာ သမာဓိအင်အားတိုးဖို့ အဂ္ဂိရတ်လည်းထိုးခဲ့ပါတယ်။ အဲဒီလုံအကွဲတွေ သူ့ကျောင်းနားမှာ တွေ့ရတဲ့အပြင် မဂ္ဂရာရွှေရောင်တော်ဘုရားပြတိုက်ထဲမှာ ပြည်သူအနုပညာရှင် မမြရင်သုံးခဲ့တဲ့ မြေပန်းအိုးအပဲ့လေးနဲ့အတူ မင်းကြီးရန်နောင်ရဲ့ လုံအပိုင်းအစတွေ၊ သူ့ကျောင်းကြီးထဲမှာ ကညင်ဆီထည့်ထွန်းလို့ရတဲ့ ကျောက်ဖြူသားဆီမီးခွက်တွေပါ တွေ့ရပါမယ်။

သမိုင်းတွေဟာ အတိတ်ကို ပြောပြနေသလို သင်ခန်းစာတွေလဲယူတတ်ရင် အများကြီးရနိုင်ပါတယ်။

**ကိုးကား**

– **ဦးဘသန်း၊ မြန်မာရာဇဝင်**

– **ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုများ**

# မလှိုင်မြို့နယ် ဝါးကျွန်းကံ(နောက်)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး


**မလှိုင် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ(နောက်) ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ(နောက်) ကျေးရွာတွင် အရှည် ပေ ၈၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မလှိုင်မြို့နယ် ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ(နောက်)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၃ သိန်းကျော်ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ တတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# အိန္ဒိယနိုင်ငံ ဆရီနာဂါခရိုင်တွင် ဒီဇင်ဘာ ၈ ရက်က အပူချိန် အနုတ် ၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ထိကျဆင်းခဲ့ပြီး ရေခဲမှတ်အောက်ရောက်ရှိခဲ့



**နယူးဒေလီ ဒီဇင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ ဂျမူး-ကက်ရှ်မီးယားဒေသရှိ ဆရီနာဂါခရိုင်တွင် ဒီဇင်ဘာ ၈ ရက်က အပူချိန် အနုတ် ၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းခဲ့ပြီး ရေခဲမှတ်အောက် ရောက်ရှိခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

နွေရာသီခရီးသွားဒေသတစ်ခုဖြစ်သော ဂျမူး-ကက်ရှ်မီးယားဒေသရှိ ဆရီနာဂါခရိုင်တွင် ဒီဇင်ဘာ ၇ ရက်မှစ၍ အပူချိန် အနုတ် ၂ ဒသမ ၄ ဒီဂရီစင်တီဂရိတ်သို့ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၈ ရက်တွင် အပူချိန် အနုတ် ၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ထိကျဆင်းခဲ့ရာ ယခုနှစ် ဆောင်းရာသီအတွက် အအေးဆုံးကာလတစ်ခုကိုရောက်ရှိခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အပူချိန်ကျဆင်းမှုသည် ဘာရာမူလာခရိုင်ရှိ နာမည်ကြီးအပန်းဖြေစခန်းမြို့ဖြစ်သော ဂူးမ့ါဂ်မြို့တွင်လည်း အနုတ် ၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်၊ အာနန်နတ်ခရိုင် ကာဇီဂွန်မြို့တွင် အနုတ် ၂ ဒသမ ၈ ဒီဂရီစင်တီဂရိတ်၊ ကိုကာနက်ဂ်မြို့တွင် အနုတ် ၂ ဒသမ ၃ ဒီဂရီစင်တီဂရိတ်၊ ကုပ်ဝါယာခရိုင် ကူပ်ဝါယာမြို့တွင် အနုတ် ၃ ဒီဂရီစင်တီဂရိတ်တို့သို့ အသီးသီးကျဆင်းခဲ့ကြကြောင်း ခရိုင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂျမူး-ကက်ရှ်မီးယားဒေသတွင် ဒီဇင်ဘာ ၁၁ ရက်ထိ အပူချိန် ဆက်လက်ကျဆင်းနိုင်ကြောင်းနှင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အတွင်း ကုန်းမြင့်ပိုင်းဒေသများတွင် မိုးအနည်းငယ်ရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

**Ref : Sputnik News**

**Trs : AZH**

# နယူးဆောက်ဝေးပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းနေပြီး ဆစ်ဒနီမြို့အနီး တောမီးလောင်ကျွမ်းနေ

**ကင်ဘာရာ ဒီဇင်ဘာ ၁၀**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်ကာ ဆစ်ဒနီမြို့အနီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေကြောင်း နယူးဆောက်ဝေးပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် ဆစ်ဒနီမြို့တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ဒီဇင်ဘာလတွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁၅ ဒီဂရီစင်တီဂရိတ် မြင့်မားနေကြောင်းလည်း ဩစတြေးလျမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဆစ်ဒနီမြို့မှာ အပူချိန်တွေ မြင့်တက်နေတယ်။ အချင်းချင်း ဖေးမစောင့်ရှောက်ကူညီကြဖို့နဲ့ ကျန်းမာရေးလုံခြုံမှုရှိဖို့ လိုအပ်ပါတယ်။ ဆစ်ဒနီမြို့နဲ့ အရှေ့ဘက်ကမ်းခြေဒေသတွေမှာ ဖြစ်ပေါ်နေတဲ့အပူချိန်ပမာဏဟာ ပုံမှန်မဟုတ်တဲ့ အပူချိန်ပမာဏဖြစ်ပါတယ်"ဟု ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီက ပြောကြားခဲ့သည်။

ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီက ဆစ်ဒနီမြို့တွင် အပူချိန် မြင့်တက်နေသောကြောင့် ဒေသခံများအနေဖြင့် အပူနှင့်ဆက်စပ်သောရောဂါဝေဒနာများ ခံစားရနိုင်သဖြင့် ကျန်းမာရေးလုံခြုံမှုအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

အပူချိန်မြင့်တက်မှုကြောင့် ဆစ်ဒနီမြို့အနီး လောင်ကျွမ်းနေသည့်တောမီးကိုလည်း အမြန်ဆုံးထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးပမ်းပေးနေသကဲ့သို့ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအတွင်း တောမီးလောင်ကျွမ်းမှုများ ဆက်တိုက်ဖြစ်ပေါ်လာနိုင်ကြောင်းလည်း ဩစတြေးလျမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**



# တန်နက်ဆီပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူခြောက်ဦးသေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံ တန်နက်ဆီပြည်နယ်တွင် ဒီဇင်ဘာ ၉ ရက်က အားကောင်းသည့် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ဒေသခံခြောက်ဦးသေဆုံးခဲ့ကြောင်း တန်နက်ဆီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေဆင်နှာမောင်းကြောင့် အခြေခံအဆောက်အအုံနှင့် နေအိမ်တချို့ ပျက်စီးသွားခဲ့သည့်အတွက် အဆောက်အအုံအတွင်းမှ ဒေသခံတချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတွင် ဆေးကုသမှုခံယူနေရသူ ၂၃ ဦးထက်မနည်းရှိနေကြောင်း၊ ထိခိုက်ဒဏ်ရာအများဆုံးရရှိခဲ့သည့် ဒေသခံများမှာ မောင့်ဂိုမာရီကောင်တီမှဖြစ်ကြောင်း တန်နက်ဆီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီဇင်ဘာ ၉ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူခြောက်ယောက်ထက်မနည်း သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ၂၃ ယောက် ဆေးရုံမှာ ဆေးကုသမှုခံယူနေရပါတယ်။ နေအိမ်တချို့နဲ့ အခြေခံအဆောက်အအုံတချို့ ပျက်စီးသွားခဲ့ပြီးတော့ ဓာတ်တိုင်တွေ လဲကျခဲ့ပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေပြီး လျှပ်စစ်မီးပြတ်တောက်မှုနဲ့ ရင်ဆိုင်နေရတဲ့ နေအိမ် ၈၀၀၀၀ ကျော်ထိရှိနေပါတယ်။ ပျက်စီးခဲ့တဲ့နေအိမ်နဲ့ အခြေခံအဆောက်အအုံတွေမှာ ကယ်ဆယ်ရေးဝန်ထမ်းတွေက ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပြီး လျှပ်စစ်မီးအမြန်ဆုံး ပြန်လည်ရရှိဖို့အတွက်လဲ သက်ဆိုင်ရာ တာဝန်ခံအဖွဲ့အစည်းက ဆောင်ရွက်ပေးနေပါတယ်"ဟု တန်နက်ဆီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများလဲကျကာ ဓာတ်ကြိုးပေါ် ပိမိခဲ့သည့်အတွက် လျှပ်စစ်မီးပြတ်တောက်နေကြောင်း၊ လျှပ်စစ်မီးပြတ်တောက်နေမှုကို ပြင်ဆင်ပေးလျက်ရှိပြီး လျှပ်စစ်မီး အမြန်ဆုံးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးနေကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အမေရိကန်နိုင်ငံ ပြည်နယ် ၁၂ ပြည်နယ်တွင် ရာသီဥတုဆိုးရွားပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသများ၌ မုန်တိုင်းတစ်ခု ဖြစ်ပေါ်ဖွယ်ရှိသောကြောင့် ပြည်နယ် ၁၂ ပြည်နယ်တွင် ဆိုးရွားသော ရာသီဥတုအခြေအနေများ ဖြစ်ပေါ်နိုင်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

အတ္တလန္တိတ်သမုဒ္ဒရာနှင့် ဆက်စပ်လျက်ရှိသော အမေရိကန်နိုင်ငံ ပြည်နယ်များရှိ ဝါရှင်တန်ဒီစီ၊ ဘယ်လ်တီမိုး၊ ဖီလာဒဲလ်ဖီးယား၊ နယူးယောက်၊ အယ်လ်ဘာနီ၊ ဟာ့ဖို့ဒ်၊ ဘာလင်တန်၊ ပေါ့လန်စသည့်မြို့ကြီးများတွင် ဒီဇင်ဘာ ၁၁ ရက်တွင် မိုးရေချိန် နှစ်လက်မမှ လေးလက်မထိ ရွာသွန်းနိုင်ပြီး အချို့ဒေသများတွင် တစ်နာရီအတွင်း မိုးရေချိန်လက်မဝက်ခန့် ရွာသွန်းနိုင်ရာ မိုးရွာသွန်းမှုအချိန်ကြာမြင့်ပါက မြို့ပြဇရိယာများအတွင်း ရေလွှမ်းမိုးမှုများဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အရှေ့မြောက်ကမ်းရိုးတန်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး လေတိုက်နှုန်း တစ်နာရီ မိုင် ၆၀ ထိ တိုက်ခတ်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ကြေညာထားပြီး နယူးယောက် အရေးပေါ်စီမံခန့်ခွဲရေးဌာနကလည်း မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် ခရီးသွားလာရာတွင် သတိပြုသွားလာကြရန် သတိပေးထားကြောင်း သိရသည်။

နယူးယောက်ပြည်နယ်နှင့် ဘားမောင့်ပြည်နယ်တို့တွင် နှင်းများ ထူထပ်စွာကျဆင်းနိုင်ပြီး နှင်းထု လေးလက်မမှ ၁၀ လက်မထိကျဆင်းနိုင်ကာ တောင်ပိုင်းပြည်နယ်များဖြစ်သော လူဝီစီယားနားမှ ကန်တပ်ကီပြည်နယ်ထိ ဒေသတစ်လျှောက် လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်းနှင့် မိုးကြိုးမုန်တိုင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

အဆိုပါ ရာသီဥတုဆိုးရွားမှုဒဏ်သည် အမေရိကန်ပြည်သူ ၅၆ သန်းကျော်အပေါ် သက်ရောက်မှုရှိနိုင်ပြီး ရေကြီးရေလျှံမှုစောင့်ကြည့်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

**Ref : Russia Today**

**Trs : AZH**

# တမီလ်နာဒူပြည်နယ်ဝန်ကြီးချုပ်ရုံးက မိကျောင်းဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် မိသားစုတစ်စုလျှင် ရူပီး ၆၀၀၀ ပံ့ပိုးမည်

**နယူးဒေလီ ဒီဇင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ တမီလ်နာဒူပြည်နယ်ရှိ မိကျောင်းဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများကို ပြည်နယ်ဝန်ကြီးချုပ်ရုံးက မိသားစုတစ်စုလျှင် ရူပီး ၆၀၀၀ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်ရုံးက ပံ့ပိုးပေးသည့် ပံ့ပိုးငွေများကို နီးစပ်ရာ Ration Shops (Public Distribution System outlets) များတွင် သွားရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်းလည်း တမီလ်နာဒူပြည်နယ်ဝန်ကြီးချုပ် အမ်ကေစတာလင်းက ပြောကြားခဲ့သည်။

မိကျောင်းဆိုင်ကလုန်းမုန်တိုင်းသည် ဒီဇင်ဘာ ၃ ရက်မှ စတင်၍ တမီလ်နာဒူပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ချင်နိုင်းနယ်မြေတွင် ဒေသခံတချို့သေဆုံးခဲ့ရကြောင်း၊ တမီလ်နာဒူပြည်နယ်ဝန်ကြီးချုပ် အမ်ကေစတာလင်းက တမီလ်နာဒူပြည်နယ်မှ မုန်တိုင်းဒဏ်သင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနက ကူညီပေးရန်အတွက်လည်း အကူအညီတောင်းခံထားကြောင်း ထုတ်ပြန်သွားခဲ့သည်။

ထို့ပြင် ရေဘေးဒဏ်သင့်တောင်သူများကို လျော်ကြေးငွေအနေဖြင့် ပံ့ပိုးပေးသည့် ငွေကြေးပမာဏကို တိုးမြှင့်ပေးသွားရန် ဗဟိုအစိုးရက တရားဝင်ထုတ်ပြန်လာသည့်အတွက် တောင်သူများကို လျော်ကြေးငွေပမာဏ တိုးမြှင့်ပေးသွားရန်လည်း ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက စီစဉ်နေကြောင်း၊ ပျက်စီးသွားသည့် ကောက်ပဲသီးနှံအလိုက် တစ်ဧကလျှင် ရူပီး ၁၃၅၀၀ မှ ၁၇၀၀၀ ထိ တိုးမြှင့်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း တမီလ်နာဒူပြည်နယ်ဝန်ကြီးချုပ် အမ်ကေစတာလင်းက ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# သက်ရှည်ကျန်းမာစေဖို့ရာ လမ်းမှန်မှန်လျှောက်ပါ

ပေါက်ပေါက်

ကိုယ်လက်လှုပ်ရှားမှု မရှိခြင်းကြောင့် ဖြစ်သော နှလုံးရောဂါ၊ အဝလွန်ခြင်း၊ ဆီးချိုရောဂါ သို့မဟုတ် အခြားမကူးစက်နိုင်သောရောဂါများသည် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၃၀ ပြည့်နှစ်ကြားတွင် ဖြစ်ပွားမှု ပိုများလာနိုင်ပြီး ကုန်ကျစရိတ်များလည်း ပိုတိုးလာနိုင်၍ နိုင်ငံတကာအစိုးရများအနေဖြင့် ကိုယ်လက်လှုပ်ရှားမှု ပိုမိုအားပေးရန်၊ အရေးတကြီးလုပ်ဆောင်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ယခင်နှစ် အောက်တိုဘာ ၁၉ ရက်တွင်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာချက်အရ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုချို့တဲ့ခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ နှစ်သန်းခန့် ရောဂါဖြစ်ပေါ်နေခြင်း၊ ကိုယ်ခန္ဓာမသန်စွမ်းခြင်း၊ သက်တမ်းမစေ့မီသေဆုံးခြင်းများကိုရင်ဆိုင်နေရကြောင်း လေ့လာသိရှိရသည်။

ကိုယ်လက်လှုပ်ရှားမှု မရှိခြင်း၏ စီးပွားရေးဝန်ထုပ်ဝန်ပိုးသည် သိသာထင်ရှားပြီး ကာကွယ်နိုင်သော၊ မကူးစက်နိုင်သောရောဂါအသစ်များကို ကုသရန်အတွက် ကုန်ကျစရိတ်သည် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံခန့် ရှိလာနိုင်ကြောင်း WHO က ဖော်ပြထားသည်။ ထို့ကြောင့် ကိုယ်လက်လက်ရှားမှုတိုးလာစေရန် ပန်းခြံများ၊ စက်ဘီးလမ်းကြောင်း၊ ခြေကျင်လမ်းကြောင်း အစရှိသည့် အခွင့်အလမ်းများပံ့ပိုးပေးခြင်း၊ အားကစားနှင့် ကာယပညာမှ ပညာပေးခြင်း အစရှိသည့် ကိုယ်လက်လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်း WHO က တိုက်တွန်းထားသည်။

ကိုယ်လက်လှုပ်ရှားမှု နေ့စဉ်မှန်မှန် ပြုလုပ်ခြင်းသည် လူတစ်ဦးချင်းစီအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးသာမက မိသားစု၊ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းများအတွက် ဆုလာဘ်ကြီးဖြစ်ပေသည်။

**နည်းစနစ်မှန်မှန် လမ်းလျှောက်နည်း**

ကိုယ်လက်လှုပ်ရှားမှုအမျိုးမျိုးရှိသည့်အနက် ငွေမကုန် လူမပန်းစေဘဲ အမှန်တကယ်စိတ်ရောကိုယ်ပါ ကျန်းမာစေသောနည်းမှာ လမ်းလျှောက်ခြင်းဖြစ်သည်။ သို့သော် နည်းစနစ်မှန်မှန် လမ်းလျှောက်တတ်ရန်လိုသည်။ လမ်းစလျှောက်တော့မည်ဆိုလျှင် အချိန်ကြာမြင့်စွာ လမ်းလျှောက်ခြင်းက ခန္ဓာကိုယ်မှအဆီများကို လောင်ကျွမ်းစေခြင်းထက် ဒူး၊ ခါးနှင့် ခြေချင်းဝတ်များကို ပို၍ထိခိုက်နာကျင်စေတတ်သည်။ လျှောက်နေကျမဟုတ်ပါက နှလုံးကိုလည်း ထိခိုက်နိုင်သလို ဆီးချိုအခြေအနေကိုလည်း ရုတ်တရက်ကျစေတတ်သည်။

ထို့ကြောင့် လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ရာတွင် မိမိ၏ ကိုယ်အလေးချိန်(ပေါင်ချိန်)နှင့် တွက်ချက်၍ အချိန်မည်မျှကြာအောင် လျှောက်ရမည်ကို သိထားသင့်သည်။

- ကိုယ်အလေးချိန် ပေါင် ၁၂၀ မှ ပေါင် ၁၃၀ ရှိသူက ၄၅ မိနစ်၊ ကိုယ်အလေးချိန် ပေါင် ၁၃၀ မှ ပေါင် ၁၄၀ ရှိသူက ၄၂ မိနစ်၊ ကိုယ်အလေးချိန် ပေါင် ၁၄၀ မှ ပေါင် ၁၅၀ ရှိသူက မိနစ် ၄၀၊ ကိုယ်အလေးချိန် ပေါင် ၁၅၀ မှ ပေါင် ၁၆၀ ရှိသူက ၃၈ မိနစ်၊ ကိုယ်အလေးချိန် ပေါင် ၁၆၀ မှ ပေါင် ၁၇၀ ရှိသူက ၃၂ မိနစ်၊ ကိုယ်အလေးချိန် ပေါင် ၁၇၀ မှ ပေါင် ၁၈၀ ရှိသူက မိနစ် ၃၀၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ မှ ပေါင် ၁၉၀ ရှိသူက ၂၈ မိနစ်၊ ကိုယ်အလေးချိန် ပေါင် ၁၉၀ နှင့်အထက်ရှိသူက ၂၅ မိနစ်ကြာ လမ်းလျှောက်သင့်သည်။

ကိုယ်အလေးချိန်များလေ လမ်းလျှောက်ချိန်နည်းလေဖြစ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် မတ်တတ်ရပ်လိုက်ပြီဆိုသည်နှင့် ခန္ဓာကိုယ်၏ အပေါ်ပိုင်းတစ်ခုလုံးကို ခါး၊ ဒူးတို့နှင့် ထိန်းပေးထားရသောကြောင့်ဖြစ်ပြီး အကယ်၍ ခါး၊ ဒူးတို့၏ဝန်ဆောင်နိုင်မှု စွမ်းအားထက်ပို၍ အသုံးချမိပါက ကြာကြာလမ်းမလျှောက်နိုင်တော့ဘဲ နာတာရှည် ဒူးနာ၊ ခါးနာ ဝေဒနာများဖြစ်ပေါ်လာစေမည်။

ထို့ကြောင့် လမ်းလျှောက်လေ့ကျင့်ခန်း စတင်လျှောက်တော့မည်ဆိုပါက ကျင့်သားရအောင်အထက်ဖော်ပြပါကိုယ်အလေးချိန်(ပေါင်ချိန်)နှင့် အချိန်အတိုင်းအတာ(မိနစ်)အတိုင်း စတင်သင့်သည်။

ဆီးချိုရောဂါရှိသူများကလည်း မိမိခံနိုင်ရည်အားကို အမြဲဆန်းစစ်နေသင့်သည်။ အများစုသော ဆီးချိုသမားများသည် အပင်ပန်းမခံနိုင်ကြပေ။ ဆီးချိုရောဂါရှိသူများအတွက် အရေးကြီးဆုံးမှာ လမ်း



၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲနေစဉ်။

လျှောက်နေစဉ် သို့မဟုတ် လေ့ကျင့်ခန်းလုပ်နေစဉ်တွင် သကြားလုံး၊ သကြားထုပ်၊ နို့ဆီထုပ်များကို ဆီးချိုအလွန်အမင်းကျလျှင် ကာကွယ်နိုင်အောင် ဆောင်ထားသင့်သည်။ ရေသောက်ခြင်းက ကိုယ်အလေးချိန်ကျရန်နှင့် ကျောက်ကပ်ကိုပို၍ကောင်းမွန်သန့်စင်စေပါသည်။

**လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်နည်းအမျိုးမျိုးရှိကြရာ ၎င်းတို့အနက် လမ်းလျှောက်ခြင်းက အချွယ်သုံးပါးမရွေး အထူးသင့်တော်သည့်လေ့ကျင့်ခန်းဖြစ်သည်။ ကျန်းမာခြင်းသည် ဝယ်ယူ၍ရကောင်းသော ပစ္စည်းမဟုတ်သလို လူတိုင်းကိုယ်ကျန်းမာနေမှလည်း စိတ်ချမ်းသာနိုင်မည်ဖြစ်ပေသည်။ လမ်းလျှောက်ခြင်းက အသက်ရှည်ရာအနာမဲ့ကြောင်းနည်းလမ်းကောင်းတစ်ခုဖြစ်ပေရာ လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများစွာကို အောက်ပါအတိုင်း ဖော်ပြပေးလိုသည်။

- မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်။ ပန်ကရိယ (ခေါ်) မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစားအစာအားလုံးကို ခန္ဓာကိုယ်၏ ကလာပ်စည်းများအတွက် လိုအပ်သော လောင်စာအဖြစ် ပြောင်းလဲပေးသောတာဝန်ကို ထမ်းဆောင်သည်။ ပန်ကရိယတွင် လုပ်ငန်းကြီး နှစ်ခုရှိပြီး ၎င်းတို့မှာအစာခြေရည်ထုတ်ပေးခြင်းနှင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ဖြစ်သည်။ ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်သောအခြေအနေတစ်ခုတွင် ရှိနေစေရန် ကူညီပေးသည်။ လမ်းလျှောက်သူနှင့်ပြေးသူ နှိုင်းယှဉ်လျှင် လမ်းလျှောက်သူက ကျန်းမာရေးနှင့်ညီညွတ်သည့် သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာတွင် လမ်းလျှောက်ခြင်းကပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိသည်။
- နှလုံးအားကောင်းစေသည်။ ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော HDL ကိုလက်စထရော မြှင့်တင်ပေးပြီး မကောင်းသော LDL ကိုလက်စထရောကို လျှော့ချပေးသည်။ နှလုံးသွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေသဖြင့် နှလုံးကျန်းမာစေသည်။
- ကိုယ်အလေးချိန်ကျစေသည်။ လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန်ကျဆင်းစေပြီး ၁၀ မိနစ်ခန့် ခပ်သွက်သွက်လမ်းလျှောက်ရုံဖြင့် ကယ်လိုရီ ၅၀ လောင်ကျွမ်းနိုင်ကာ ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်ကိုလည်း အားကောင်းစေသည်။
- သွေးတိုးနှင့်လေဖြတ်ခြင်းတို့မှ ကာကွယ်ပေးသည်။ တစ်နေ့လျှင် နာရီဝက်ခန့် ခပ်သွက်သွက် လမ်းလျှောက်ပေးခြင်းက သွေးတိုးရောဂါမဖြစ်စေတော့ပေ။ ထို့ပြင် သွေးတိုးရောဂါနှင့်ဆက်စပ်လျက်ရှိသည့် လေဖြတ်ခြင်းအလားအလာကို ၂၇ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်။
- အဆုတ်ကောင်းစေသည်။ လမ်းလျှောက်နေချိန်တွင် အောက်ဆီဂျင်ကို များများလိုအပ်ခြင်းကြောင့် အသက်ပိုရှူရသဖြင့် အဆုတ်၏ လုပ်ဆောင်ချက်များ ပိုကောင်းလာသည်။
- ရောဂါဝေဒနာဆိုးများမှ တားဆီးကာကွယ်ပေးသည်။ နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်းက ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များကို အားကောင်းစေပြီး အထူးသဖြင့် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ စသည့်ကုသရန်ခက်ခဲသော ရောဂါဆိုးများ ဖြစ်နိုင်ခြေအလားအလာကို ၂၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်သည်။
- ကြွက်သားများ ကျစ်လျစ်လာစေသည်။ လမ်းလျှောက်လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းက ကယ်လိုရီများ လောင်မြိုက်သွားစေသဖြင့် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်ကောင်းမွန်လာစေပြီး ကြွက်သားများ ကျစ်လျစ်သန်စွမ်းလာစေသည်။
- ဦးနှောက်ကို ကောင်းကျိုးပြုသည်။
- အရိုးပွရောဂါ မဖြစ်စေနိုင်ပါ။ လမ်းလျှောက်နေစဉ် ကြွက်သားများက အရိုးများကိုဆွဲတင်ပေးပြီး ရွေ့လျားမှုဖြစ်ပေါ်စေသောကြောင့် အရိုးများကို ပိုမိုသန်မာစေသည်။ အထူးသဖြင့် သွေးမဆုံးခင်နှင့် သွေးဆုံးပြီးစ အမျိုးသမီးများ အရိုးပွရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် လမ်းမှန်မှန်လျှောက်ပေးသင့်သည်။
- ခန္ဓာကိုယ်အချိုးအစားကို ပြေပြစ်စေသည်။ လမ်းလျှောက်သည့်အခါ ခန္ဓာကိုယ်ကို မတ်မတ်ထား၍ ရင်ကိုဖွင့်ကာ သက်သောင့်သက်သာအနေအထားဖြင့် ပခုံးနှစ်ဖက်ကို ပြေလျှော့ပြီး လက်နှစ်ဖက်ကို ဟန်ချက်ညီညီ အားရပါးရ လွှဲလျှောက်ပေးရမည်။ ထိုသို့ နည်းစနစ်မှန်မှန် လမ်းလျှောက်ခြင်းက ရင်ဘတ်ကြွက်သားများကို ကျစ်လျစ်လာစေသလို ခါးတစ်ဝိုက်က အဆီပိုများကိုပါ ဖယ်ရှားပေးနိုင်သောကြောင့် ခန္ဓာကိုယ်အချိုးအစားပြေပြစ်သွားစေသည်။
- ဗီတာမင်ဒီရရှိစေသည်။ အရိုးကျန်းမာရေးအတွက် ဗီတာမင်ဒီကို မရှိမဖြစ်လိုအပ်သည်။ နံနက်ပိုင်း နေရောင်ခြည်နုနုအောက်တွင် နေပူစာလှုံရင်းလမ်းလျှောက်ခြင်းက ဗီတာမင်ဒီကို အပြည့်အဝရရှိစေမည်ဖြစ်သည်။
- ခွန်အားရရှိစေသည်။ ခပ်သွက်သွက်လမ်းလျှောက်ခြင်းက သွေးလည်ပတ်စီးဆင်းမှု အားကောင်းစေကာ ခန္ဓာကိုယ်အနှံ့အပြားထဲရှိ ဆဲလ်များထံ အောက်ဆီဂျင်ရောက်ရှိသွားစေသဖြင့် လူကိုလန်းဆန်းပေါ့ပါးစေသည်။
- စိတ်ဖိစီးမှုများ ပြေပျောက်သွားစေသည်။ လမ်းလျှောက်ခြင်းကြောင့် ကျန်းမာပျော်ရွှင်မှုကိုဖြစ်စေသည့် အန်ဒေါ်ဖင်ဟော်မုန်းများလည်း ပိုမိုထွက်ရှိလာသည်။ လေကိုတဝကြီးရှူရှိုက်၍ ခပ်သွက်သွက် လမ်းလျှောက်ခြင်းက စိတ်ထွက်ပေါက်ဖြစ်စေကာ အချိန်တိုအတွင်း စိတ်ဖိစီးမှုများကို ပြေပျောက်သွားစေသည်။ လမ်းလျှောက်၍ စကားစမြည်ပြောခြင်းကြောင့် စိတ်ဖိစီးမှုကို ၄၂ ရာခိုင်နှုန်းလျှော့ကျစေသည်။
- ကျန်းမာနုပျိုစေသည်။ အရေပြားသို့ သွေးစီးဆင်းမှုအား တိုးပွားသွားစေပြီး အရေပြားဆဲလ်များကို အာဟာရဖြစ်စေကာ ကျန်းမာနုပျိုသောအသွင်ကို ဖြစ်ပေါ်လာစေသည်။

လူတချို့ကမူ လမ်းလျှောက်ချင်သော်လည်း အချိန်မပေးနိုင်၍သော်လည်းကောင်း၊ လူစုလူဝေးကို ရှောင်ရှားလို၍သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် လမ်းထွက်မလျှောက်ကြပေ။ ထို့ကြောင့် အဆင်ပြေစေမည့် နည်းလမ်းကောင်းတချို့ရှိသည်။ နံနက်စောစော သို့မဟုတ် ညစာစားပြီးနောက်ပိုင်း အချိန်များတွင် မိမိရပ်ကွက်၊ လမ်းသွယ်များအတွင်း လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်နိုင်သည်။ အိမ်ပြင်သွားလာရန် အခက်အခဲရှိသူများအနေဖြင့် အိမ်ထဲတွင်လမ်းလျှောက်နိုင်သလို အပေါ်ထပ်၊ အောက်ထပ်လှေကားအတက်အဆင်းများလည်း ပြုလုပ်နိုင်သည်။

ယခုအခါ ဒီဇင်ဘာလူထုအားကစားလဖြစ်သည့်အားလျော်စွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပလျက်ရှိသည်။

သက်ရှည်ကျန်းမာလိုလျှင် ငွေမကုန် လူမပန်း လမ်းလျှောက်လေ့ကျင့်ခန်းက အကောင်းဆုံးဖြစ်သည်။ သို့ဖြစ်၍ ဆောင်းရာသီတွင် နေ့စဉ် မိမိအဆင်ပြေနိုင်သည့်အချိန် လမ်းမှန်မှန်လျှောက်ကြရမည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

နိုင်ငံတကာရှိဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော




ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၃၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၈
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အာရေးဗီးကားကော်ဖီစေ့စစ်စစ်ကိုသာ အသုံးပြုထားကြောင်း အာမခံပါသည်။



**Myanmar Mobile Money(MMM)** မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်

**Digital Mobile Money-DMM(App)** ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- နှစ်အတွင်းကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာဝန်ဆောင်မှုများပေးခြင်း
- မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာခများပေးဆောင်ခြင်း
- ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း




ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။


## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်နေ ကျွန်မ ဒေါ်သန်းသန်း (ဘ) ဦးပု (၉/မရတ(နိုင်)၁၀၄၄၅၀) မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မသည် ဦးမြင့်ဌေး (ဘ) ဦးစိန်အောင် (၉/မရတ(နိုင်)၀၅၀၂၇၄) ပိုင်ဆိုင်သော မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ ချိပါရပ်ကွက်၊ အကွက်အမှတ်(၄၇၄)၊ ဦးပိုင်အမှတ်(၂၄/၁)၊ ဧရိယာ(၄၂ × ၁၂)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအကျိုးခံစားခွင့်များကို ၂၀၂၃ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့က အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဝယ်ယူပြီးချိန်မှစ၍ ကျွန်မ ဒေါ်သန်းသန်း အနေဖြင့် အဆိုပါမြေကွက်နှင့်အဆောက်အဦအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း တို့ပြုလုပ်ထားခြင်းမရှိသောကြောင့် အဆိုပါမြေကွက်နှင့်အဆောက်အဦသည် ကျွန်မ ဒေါ်သန်းသန်း တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်သော မြေကွက်နှင့်အဆောက်အဦဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်း(၉/မရတ(နိုင်)၁၀၄၄၅၀)**
**တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ်**
**အောက်တွင် ခံခွက် မမေ့နှင့်**

“အဂတိပယ်ခွာ ပြည်သာယာ”
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## (၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ပသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ကုလသမဂ္ဂအထွေထွေညီလာခံတွင်ပြုလုပ်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ရေးအတွက် မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံက

စာမျက်နှာ ၁၉ ကော်လံ ၁ ☆




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563